မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ ပြာသိုလကွယ်နေ့၊ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီ ၁၇ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၀၉)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အာဆီယံခေါင်းဆောင်များ၏ ထိပ်သီးအစည်းအဝေးများ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်

နေပြည်တော် ဇန်နဝါရီ ၁၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာမာကါပါကဲလ် အာရိုယို၏ ဖိတ်ကြားချက်အရ ဖိလစ်ပိုင်သမ္မတနိုင်ငံ စီးဘူးမြို့၌ ကျင်းပခဲ့သည့် (၁၂)ကြိမ်မြောက် အာဆီယံခေါင်းဆောင်များ၏ ထိပ်သီးအစည်းအဝေး၊ တတိယအကြိမ် ကမ္ဘောဒီးယား–လာအို–မြန်မာ–ဗီယက်နမ်ထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် အာဆီယံ–တရုတ် ထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် အာဆီယံ–ကိုရီးယား ထိပ်သီးအစည်းအဝေး၊ (၅)ကြိမ်မြောက် အာဆီယံ–အိန္ဒိယထိပ်သီးအစည်းအဝေး၊(၁၀)ကြိမ်မြောက် အာဆီယံ–ဂျပန်ထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် အာဆီယံ+၃ ထိပ်သီးအစည်းအဝေးနှင့် ဒုတိယအကြိမ် အရှေ့အာရှနိုင်ငံများ၏ ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး အထူးလေယာဉ်ဖြင့် ယနေ့ညနေ ၃ နာရီ ၄၅ မိနစ်က ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဖိလစ်ပိုင်သမ္မတနိုင်ငံ စီးဘူးမြို့၌ ကျင်းပခဲ့သည့်(၁၂)ကြိမ်မြောက် အာဆီယံခေါင်းဆောင်များ၏ ထိပ်သီးအစည်းအဝေးနှင့်ဆက်စပ်ထိပ်သီးအစည်းအဝေးများ တက်ရောက်ခဲ့သော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ **စာမျက်နှာ ၃ ကော်လံ ၁**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

(၂၀၀၇ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်)

အမေရိကန်၏ တစ်ဖက်သတ် ဖိအားပေးလုပ်ဆောင်မှု မြန်မာနိုင်ငံရှိ ပြည်တွင်းအဖွဲ့အစည်းများ ဆန့်ကျင်ရှုတ်ချ

အမေရိကန်နှင့်ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် ပြည်ပနိုင်ငံများသာမက ပြည်တွင်းရှိ အဖွဲ့အစည်းများကလည်း သဘောထားကြေညာချက်များ ထုတ်ပြန်၍ ဆန့်ကျင်ကန့်ကွက် ရှုတ်ချလျက် ရှိကြသည်။

မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက် အမေရိကန်နှင့် ဗြိတိန်တို့က ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၌ ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခဲ့သောလုပ်ရပ်သည် မြန်မာနိုင်ငံ၏ပကတိအခြေအနေကို လျစ်လျူရှုပြီး မြန်မာပြည်သူတို့၏ သဘောထား ဆန္ဒကို ဆန့်ကျင်သွေဖည်ရာ ရောက်နေသည်ကို မြန်မာနိုင်ငံ ပြည်တွင်းအဖွဲ့အစည်းများက ရှင်းလင်းစွာ သဘောပေါက်နားလည်ပြီး ဆန့်ကျင်ကန့်ကွက်ခဲ့ကြခြင်းလည်း ဖြစ်သည်။

ဒီမိုကရေစီကျလှပါသည်ဆိုသော နိုင်ငံကြီးက ယင်းကဲ့သို့ ပြုမူဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံကို ခေတ်သစ်ကိုလိုနီသဘောမျိုး ကျွန်ပြုရန်ရည်ရွယ်ပြီး ၎င်းတို့၏ ဩဇာခံ ရုပ်သေးအစိုးရ တင်မြှောက်လိုသည့် ဆန္ဒရှိနေသည်မှာ ပေါ်လွင်ထင်ရှားလျက် ရှိသည်။

ထို့အပြင် ကိုလိုနီပုံစံသစ်ဖြင့် ကမ္ဘာတစ်ဝန်း ဗိုလ်ကျစိုးမိုး ခြယ်လှယ်ရန်အတွက် ၎င်းတို့၏ အရှိန်အဝါဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အခွင့်အာဏာကို လွဲမှားစွာ အသုံးချရန် သွေးတိုးစမ်းလိုက်သည့် သဘောပင်ဖြစ်ပေသည်။

အမေရိကန်နှင့် ဗြိတိန်တို့၏ မှားယွင်းသောလုပ်ရပ်၊ အတိုင်အဖောက်ညီညီ အချိန်ကိုက် လိုက်ပါလှုပ်ရှားကြသည့် ပြည်တွင်းမှ ပါတီနိုင်ငံရေးသမားများ၊ အမျိုးသားသစ္စာဖောက်များနှင့် ပြည်ပြေးသောင်းကျန်းသူများ၏ လုပ်ဆောင်မှုတို့ကို မြန်မာပြည်သူများနှင့်အတူ ပြည်တွင်းရှိ အဖွဲ့အစည်းများက ခါးခါးသီးသီး ရှုတ်ချလျက် ရှိနေကြသည်။

သို့ဖြစ်ရာ အမေရိကန်နှင့် ဗြိတိန်တို့၏ မြန်မာပြည်တွင်းရေး ဝင်ရောက်စွက်ဖက်ခြင်းအား အမှန်တရားကို မြတ်နိုးသော မြန်မာပြည်သူများသာမက နိုင်ငံတကာ ပြည်သူများကပါ မထောက်ခံကြောင်း မျက်ဝါးထင်ထင် တွေ့မြင်နေရပြီ ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အီရန်သံတမန်များအပေါ် အမေရိကန်တို့ မဟုတ်မမှန် လုပ်ကြံလီဆယ် တမင်သက်သက်ပုံကြီးချဲ့ကားစွပ်စွဲခြင်းသာဖြစ် နှစ်နိုင်ငံဝန်ကြီးများဆွေးနွေးရန်ကမ်းလှမ်းမှု အီရန်ပယ်ချ

တီဟီရန် ဇန်နဝါရီ ၁၆

အီရတ်ရှိ အီရန်သံတမန်ငါးဦးအား အီရတ်တိုက်ခိုက်ရေးသမားများနှင့် ပူးပေါင်းကြံစည်မှုများ ပြုလုပ်သည်ဟူသော စွပ်စွဲချက်ဖြင့် အမေရိကန်တို့က အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်မှုအပေါ် အီရန်နိုင်ငံက ပြင်းထန်စွာ ရှုတ်ချလိုက်သည်။

ပုံကြီးချဲ့ကား

အမေရိကန်တို့သည် မဟုတ်မမှန်မှုများကို လုပ်ကြံလီဆယ်ပြောကြားပြီး ပုံကြီးချဲ့ကား စွပ်စွဲခြင်းဖြစ်ကြောင်း၊ တစ်စိတ်ကို တစ်အိတ်လုပ်ပြီး ပုံကြီးချဲ့ကား စွပ်စွဲခြင်းဖြစ်ကြောင်း၊ အမေရိကန်တို့၏ ထိုသို့စွပ်စွဲပြောကြားမှုများကို အီရန်နိုင်ငံက ပယ်ချလိုက်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ရှိတ်မိုဟာမက်အလီဟို့နီက ဇန်နဝါရီ ၁၃ ရက်၌ ပြောကြားလိုက်သည်။

ဆောင်ရွက်သင့်

အီရန်သံတမန်များကို အမေရိကန်တို့အနေဖြင့် သံတမန်ရေးဆိုင်ရာ စည်းမျဉ်းဥပဒေများအရသာ ဆောင်ရွက်သင့်ကြောင်းလည်း ရှိတ်မိုဟာမက်အလီဟို့နီက ဆက်လက်ပြောကြားသည်။

ရပ်ဆိုင်းမည်မဟုတ်

ထို့အပြင် အီရန်နိုင်ငံအနေဖြင့် နျူကလီးယားအစီအစဉ်များ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မည်သည့် အကြောင်းကြောင့်မျှ ရပ်ဆိုင်းမည် မဟုတ်ကြောင်းလည်း ၎င်းက ပြောကြားသည်။

တစ်ဖန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်ဇ်နှင့် အီရန်နိုင်ငံခြားရေးဝန်ကြီးတို့နှစ်ဦး တွေ့ဆုံဆွေးနွေးရန် အမေရိကန်တို့ ပြောကြားမှုကို အီရန်က ပယ်ချခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၁-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅	ဥတ္တရာဝတ္တုတရားတော် (သီတဂူဆရာတော်) (အပိုင်း-၂)
၇း၄၅	ဗုဒ္ဓဝင်ရုပ်စုံတော မယ်လမုစေတီတော်မှာ
၈း၀၅	နိုင်ငံတကာအနုပညာရေးရာ
၈း၃၅	ပြည်တွင်းသတင်းအကျဉ်း
၈း၄၅	မှတ်သားလေ့လာပြတိုက် ခင်းကျင်းမှုပညာ
၈း၅၅	တေးဂီတအစီအစဉ်
၉း၀၀	Midweek Sports News
၉း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၂၅	ခိုင်ခံ့ပေါ့ပါး ကြွေရည်သုတ်သံသပိတ်များ
၉း၃၅	တေးဂီတအစီအစဉ်
၉း၄၀	သူတို့ပြောတဲ့ သူတို့အကြောင်း (မြန်မာယူရေနီယံအကအဖွဲ့နှင့် တွေ့ဆုံခြင်း)(အပိုင်း-၂)
၁၀း၃၀	မိုးလေဝသခန့်မှန်းချက်
၁၀း၃၅	အပန်းဖြေစရာ ရန်ကုန်မြစ်တွင်းမှာ
၁၀း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀	MRTV-4 စာအုပ်စင်ကဏ္ဍ (ရွှေအမြုတေ အယ်ဒီတာ ဦးဝင်းငြိမ်းနှင့် တွေ့ဆုံခြင်း)
၁၁း၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၀	**ချစ်သောမြေ ချစ်သောရေ (ရာဇာနေဝင်း၊ ခိုင်နှင်းဝေ) (ဒါရိုက်တာ ခင်နွဲ့နွဲ့မူ)**
၁၁း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅	MRTV-4 ကျန်းမာရေးကဏ္ဍ (ဒေါက်တာ စောဝင်းနှင့် တွေ့ဆုံခြင်း)
၁၁း၅၅	သီးနှံစိုက်ပျိုး အထွက်တိုး စပါးပေါင်းပင်
၁၂း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၁၀	နွံ့နှောင်းလှပ မြန်မာ့အက
၁၂း၂၅	တေးဂီတအစီအစဉ်
၁၂း၃၀	ယူရီးယားဓာတ်မြေဩဇာ ထုတ်လုပ်မှုကဏ္ဍ
၁၂း၅၀	တေးဂီတအစီအစဉ်
၁၂း၅၅	ပိုင်ကျုံရေထိန်းတံခါး
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိတစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၂၅	Newcastle-Birmingham	5-Sports (Live)

မြဝတီရုပ်မြင်သံကြား

၁၇-၁-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၃၀	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀	၅။	မျိုးချစ်တပ်မတော်
၅း၁၀	၆။	ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅း၂၀	၇။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၃၀	၈။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	မိုးလေဝသသတင်း
၆း၂၅	၁၃။	လျှပ်တစ်ပြက်
၆း၃၅	၁၄။	လှုပ်လှုပ်ရှားရှားပုံရိပ်များ
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ကျေးတောသူ”** (အပိုင်း-၂၁)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	English Usage
	၁၉။	ဗွီစီဒီကျော်ကြားတေးများ
	၂၀။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ဘက်မတူတဲ့တက်လူ”** (အပိုင်း-၃၅) ဇာတ်သိမ်းပိုင်း

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အမေရိကန် ဗုံးကြဲတိုက်ခိုက်မှု ပါကစ္စတန်တွင် ဆန္ဒပြကန့်ကွက်

အစ္စလမ္မာဘတ် ဇန်နဝါရီ ၁၆

၂၀၀၆ ခုနှစ် ဇန်နဝါရီ၁၃ ရက်က အမေရိကန်တို့ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် လူ ၁၃ဦး သေဆုံးရခြင်းအပေါ် ပါကစ္စတန်နိုင်ငံ ဘာဂျာမြို့တွင် ထောင်ပေါင်းများစွာသော ပြည်သူများက ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။

ပါဝင်

အယ်ခိုင်ဒါခေါင်းဆောင် အယ်ဇာဝါဟီရီအား ညစာစားရန် ဖိတ်ထားသည် ဆိုသော ဒါမာဒိုလာ ကျေးရွာမှ နေအိမ်သုံးလေးလုံးကို အမေရိကန် တပ်ဖွဲ့ဝင်များက ဗုံးကြဲခဲ့သည်။ သေဆုံးသူများတွင် အမျိုးသမီးများနှင့် ကလေးများ ပါဝင်သည်။

ထိုဒေသသို့ အယ်ဇာဝါဟီရီ ရောက်ရှိနေသည်ဆိုသော အမေရိကန်တို့၏ အကြောင်းပြချက်ကို ဒေသခံများက လက်မခံ။ ဆန္ဒပြသမားများက အမေရိကန် ဆန့်ကျင်ရေး ကြွေးကြော်သံများကို ဟစ်အော်ကြွေးကြော်ကြသည်။

မီးရှို့ရှုတ်ချ

ထို့ပြင် အမေရိကန်သမ္မတ ဘုရှ်၏ အရုပ်ကြီးကိုလည်း ဆန္ဒပြသမားများက မီးရှို့ရှုတ်ချကြသည်။

ဘာဂျာမြို့မှာ အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ကူနာပြည်နယ်နှင့် ကပ်လျက် ရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

■ ရှေ့ဖုံးမှ

ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဗိုလ်ချုပ်ရဲမြင့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံရုံး သံရုံးယာယီတာဝန်ခံ Mr. Joselito Chad N.Jacinto, JR တို့က နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ပြန်လည်လိုက်ပါ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များဖြစ်ကြသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွှန့်၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

မန္တလေးတိုင်းအတွင်းရှိ နုတ်ထွက်(NLD)များ ကြေညာချက်တစ်ရပ်ထုတ်ပြန်

အမေရိကန်အစိုးရနှင့်အတူ စည်းကိုက်ဝါးကိုက်ပါဝင်ဆောင်ရွက်ခဲ့ကြသော ပြည်တွင်းမှ ပါတီနိုင်ငံရေးသမားများ၊ ပြည်ပြေးသောင်းကျန်းသူများ အမျိုးသားသစ္စာဖောက်များ၏လုပ်ရပ်များကို ရှုံ့ချစက်ဆုပ်စွာရှုတ်ချ

နေပြည်တော် ဇန်နဝါရီ ၁၆

အမေရိကန်နှင့်ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်းတင်သွင်းခြင်းအပေါ် မန္တလေးတိုင်းအတွင်းရှိ နုတ်ထွက်(NLD)များက ဇန်နဝါရီ ၁၄ ရက်တွင် ကြေညာချက်တစ်ရပ်ကိုထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက်ရှုတ်ချလိုက်သည်။

အဆိုပါ သဘောထားထုတ်ပြန်ကြေညာချက်တွင် ဇန်နဝါရီ ၁၁ ရက်က ကုလသမဂ္ဂဆိုင်ရာအမေရိကန်ယာယီသံအမတ်ကြီး အလက်ဂျန်ဒရိုဒီဝပ်က မြန်မာနိုင်ငံ၏ နိုင်ငံရေးအကျဉ်းသားအားလုံးလွှတ်ပေးရေး၊ ဒီမိုကရေစီထွန်းကားရန် အရိုန်အဟုန်မြှင့်လုပ်ဆောင်ရေးနှင့်တိုင်းရင်းသားနယ်မြေများ၌ လူ့အခွင့်အရေးချိုးဖောက်မှုများရပ်တန့်ရေးအတွက် လုံခြုံရေးကောင်စီက အရေးယူဆောင်ရွက်ပေးရန် အဆိုပြုချက်မူကြမ်းတစ်ရပ်ကို ဆက်လက်တင်သွင်းခဲ့ကြောင်း။

အမေရိကန်နှင့်ဗြိတိန်တို့ ဦးဆောင်တင်သွင်းသည့်အဆိုပြုချက်မူကြမ်းကို ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မဲခွဲဆုံးဖြတ်ခဲ့ရာ လုံခြုံရေးကောင်စီအဖွဲ့ဝင် အမေရိကန်နှင့်လုပ်ဖော်ကိုင်ဖက် ကျေးဇူးခံ၊ ကျေးဇူးစားများဖြစ်သည့် ဗြိတိန်၊ ပြင်သစ်၊ အီတလီ၊ ဂါနာ၊ ပီရူး၊ ဆလိုဗက်ကီးယား၊ ပနားမားနှင့် ဘယ်လ်ဂျီယံကိုးနိုင်ငံတို့က ထောက်ခံမဲပေးခဲ့ကြသော်လည်း မြန်မာနိုင်ငံ၏ပြည်တွင်းရေးကိစ္စများသည် ဒေသအတွင်း နိုင်ငံတကာငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ခြိမ်းခြောက်ရာမရောက်သည့်အပြင် လုံခြုံရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံ၏အရေးကိစ္စတွင် ပါဝင်ပတ်သက်ဆောင်ရွက်ရန် မလိုအပ်ကြောင်း၊ ပါဝင်ပတ်သက်ဆောင်ရွက်ပါက လုံခြုံရေးကောင်စီသည် ၎င်းအားအပ်နှင်းထားခြင်းခံရသော တာဝန်များထက်ကျော်လွန်ပြီး လုပ်ဆောင်ရုံသာမက အခြားကုလသမဂ္ဂအေဂျင်စီများ၏ ဆွေးနွေးဆောင်ရွက်မှုများကိုပါ ထိခိုက်နှောင့်နှေးစေနိုင်ကြောင်းနှင့် လုံခြုံရေးကောင်စီအား ၎င်းလုပ်ဆောင်ရသည့်အတိုင်းအတာထက်ကျော်လွန်၍ လုပ်ဆောင်စေရန် အသုံးချလိုသောအားထုတ်ကြိုးပမ်းမှုများကို လက်မခံနိုင်ကြသည့်အတွက် လုံခြုံရေးကောင်စီအမြဲတမ်း အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် တောင်အာဖရိကနိုင်ငံတို့က ကန့်ကွက်မဲပေးခဲ့ကြကြောင်း။

ထိုကဲ့သို့ ကန့်ကွက်မဲပေးခဲ့ကြခြင်းသည် မြန်မာနိုင်ငံအပေါ် လုံခြုံရေးကောင်စီ၏ဆုံးဖြတ်ချက်ချမှတ်နိုင်ရန် အမေရိကန်နှင့် ဗြိတိန်တို့၏ကြိုးပမ်းမှုကို အမြဲတမ်းအဖွဲ့ဝင်ငါးနိုင်ငံတွင်ပါဝင်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ဗီတိုအာဏာ(Double Veto)သုံးပြီး ပယ်ချလိုက်ခြင်းဖြစ်ကြောင်း၊ အင်ဒိုနီးရှား၊ ကွန်ဂိုနှင့် ကာတာသုံးနိုင်ငံတို့က ကြားနေမဲပေးခဲ့ကြကြောင်း။

မြန်မာနိုင်ငံသူ နိုင်ငံသားများသည် ယခုအခါတွင် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များကို ရရှိခံစားလျက်ရှိကြကြောင်း။

မြန်မာပြည်သူများသည် လောကပါလတရားလွှမ်းမိုးပြီး ဗြဟ္မစိုရ်တရားများကို လက်ကိုင်ထားလျက် ကမ္ဘာ့ပြည်သူများ၏ နိုင်ငံတကာငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရနှင့်အတူ ပါဝင်ပူးပေါင်းလက်တွဲဆောင်ရွက်လျက်ရှိကြကြောင်း၊ အမှန်တရားကိုမျက်ကွယ်ပြုလျက် မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်ရန် ကြိုးပမ်းအားထုတ်ပြီး ဆုံးဖြတ်ချက်မူကြမ်းတင်သွင်းခဲ့သည့် အမေရိကန်နှင့် ဗြိတိန်တို့၏ မမှန်ကန်သောတစ်ဖက်သတ်လုပ်ရပ်သည် အောင်မြင်မှုမရှိဘဲ ပျက်ပြားသွားခဲ့ပြီဖြစ်ကြောင်း။

မန္တလေးတိုင်းအတွင်းရှိ နုတ်ထွက်(NLD)များ အပါအဝင် မြန်မာပြည်သူတစ်ရပ်လုံးက အမေရိကန်နှင့် ဗြိတိန်တို့၏ မှားယွင်းသောလုပ်ဆောင်ချက်များကိုလည်းကောင်း၊ မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏ ဂုဏ်သိက္ခာကို ထိပါးစော်ကားလာသည့်အတွက်လည်းကောင်း ခံပြင်းချက်အပြည့်ဖြင့် ပြင်းထန်စွာ ရှုတ်ချလိုက်ကြောင်း။

အမေရိကန်အစိုးရနှင့်အတူ စည်းကိုက်ဝါးကိုက် ပါဝင်လှုပ်ရှားဆောင်ရွက်ခဲ့ကြသော ပြည်တွင်းမှ အမျိုးသားသစ္စာဖောက် ပါတီနိုင်ငံရေးသမားများ၊ ပြည်ပြေးသောင်းကျန်းသူများကိုလည်း မြန်မာနိုင်ငံသူ၊ နိုင်ငံသားများက အော့နှလုံးနာလျက်ရှိကြောင်း၊ မြန်မာနိုင်ငံနှင့် ပြည်သူတို့၏ ဂုဏ်ကျေးဇူးကို မထောက်ထားသော အမျိုးသားသစ္စာဖောက်များ၏ လုပ်ရပ်များကို ရွံ့ရှာစက်ဆုပ်စွာဖြင့် ရှုတ်ချလိုက်ကြောင်း။

ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအား မတရားသဖြင့် ဖိနှိပ်မှုအပေါ် စာနာထောက်ထားစွာဖြင့် အမှန်တရားဘက်မှ ရပ်တည်ကာ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မဲခွဲဆုံးဖြတ်ရာ၌ ဗီတိုအာဏာသုံးပြီး ပယ်ချခဲ့ကြသော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အားလည်းကောင်း၊ ဆန့်ကျင်ကန့်ကွက်မဲပေးခဲ့သော တောင်အာဖရိကနိုင်ငံအား လည်းကောင်း၊ ကြားနေမဲပေးခဲ့ကြသော အင်ဒိုနီးရှား၊ ကွန်ဂိုနှင့် ကာတာနိုင်ငံတို့အားလည်းကောင်း၊ အမှန်တရားကိုမြတ်နိုးကြသော မန္တလေးတိုင်းနုတ်ထွက်(NLD)နှင့် မြန်မာပြည်သူများက မေ့ပျောက်မရအောင် ကျေးဇူးအထူးတင်လျက်ရှိကြောင်း။

မိမိတို့ မန္တလေးတိုင်းအတွင်းရှိ နုတ်ထွက်(NLD)များအပါအဝင် မြန်မာပြည်သူတစ်ရပ်လုံးအနေဖြင့် အမှန်တရားသည်သာလျှင် မုချအောင်ပွဲခံရမည်ဟု ယုံကြည်ချက်အပြည့်ဖြင့် ကြေညာအပ်ပါကြောင်း ဖော်ပြပါရှိသည်။

(သတင်းစဉ်)

အထပ်သားစက်ရုံ(ဆွာ)နှင့်လုပ်ငန်းများ ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၆

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၁၅ရက် နံနက်ပိုင်းက မြန်မာ့သစ်လုပ်ငန်းအင်ဂျင်နီယာဌာန အခြေစိုက်အလုပ်ရုံ(ဆွာ)သို့ရောက်ရှိလာရာ ဒုတိယအထွေထွေမန်နေဂျာ(အင်ဂျင်နီယာ) ဦးအောင်ဆန်းက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး ယာဉ်ပြင်အလုပ်ရုံအတွင်း ယန္တရားများနှင့် မော်တော်ယာဉ်များ ပြင်ဆင်နေမှု၊ ပန့်အလုပ်ရုံ၊ စက်ပြင်ဌာနနှင့် စတိုခန်းများကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် Myanmar Korea Timber International ကုမ္ပဏီလီမိတက် အထပ်သားစက်ရုံ(ဆွာ)သို့ရောက်ရှိရာ စက်ရုံဒါရိုက်တာ Mr. Kim နှင့် စက်ရုံမှူး ဦးစောမြို့တို့က စက်ရုံ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်း တင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များမှာကြားသည်။ ထို့နောက် ဝန်ကြီးနှင့် တာဝန်ရှိသူများက စက်ရုံအတွင်း ပြည်ပတင်ပို့ရန် ထုပ်ပိုးထားရှိသော အထပ်သားများနှင့် အထပ်သား ထုတ်လုပ်မှုလုပ်ငန်း အဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းပြသ

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် အုတ်တွင်းမြို့နယ် မြန်မာ့သစ်လုပ်ငန်း ပြည်တွင်း ရောင်းဝယ်ရေးနှင့်သစ်စက်ဌာန အမှတ်(၈၈)သစ်စက်(ဥယျာဉ်တော်)သို့ ရောက်ရှိပြီး စက်ရုံအတွင်း သစ်ခွဲစိတ် လည်ပတ်ပုံ အဆင့်ဆင့်၊ ခွဲစိတ်ပြီး သစ်ခွဲသားများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူး မန်နေဂျာ ဦးမြသန်းက လိုက်လံရှင်းလင်းပြသသည်။ ထို့နောက် ဝန်ကြီးက လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❒ ကျောဖုံးမှ

ယင်းသို့ အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ် ဖိအားပေးလုပ်ဆောင်မှုကို အမေရိကန်အစိုးရ၏ လုပ်ရပ်များနှင့်အတူ အတိုင်အဖောက်ညီညီ အချိန်ကိုက် လိုက်ပါလှုပ်ရှားထောက်ခံခဲ့ကြသော ပြည်တွင်း၊ ပြည်ပအဖွဲ့ အစည်းများအား ကန့်ကွက်ပြစ်တင်ရှုတ်ချလိုက်ပါသည်။

၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့တွင် မဲခွဲဆုံးဖြတ်ရာ၌ ဗီတိုအာဏာသုံးပြီး ပယ်ချခဲ့ကြသော တရုတ်ပြည်သူ့ သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အားလည်းကောင်း၊ ဆန့်ကျင်ကန့်ကွက်မဲပေးခဲ့သော တောင်အာဖရိကသမ္မတ နိုင်ငံအားလည်းကောင်း၊ မြန်မာပြည်သူများနှင့်အတူ အထူးဂုဏ်ပြုကျေးဇူးတင်ပါကြောင်း ဖော်ပြအပ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ
ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

ရက်စွဲ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်
ရန်ကုန်မြို့။

● ကျောဖုံးမှ

ပုံဖော်နေပြီဖြစ်ကြောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ဒီမိုကရေစီအခြေခံပြည်လုံးကျွတ် ပြည်သူ့ဆန္ဒခံယူပွဲပြုလုပ်၍ အတည်ပြုသွားမည် ဖြစ်ကြောင်း။

ယခုလို အခြေအနေ အချိန်အခါမျိုးတွင် မြန်မာ့အိမ်နီးချင်းနိုင်ငံများ ဒေသအတွင်း နိုင်ငံများနှင့်အာရှနိုင်ငံများက မြန်မာ့အရေးကိစ္စသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်နေသည်ဟု တစ်စုံတစ်ရာ ပြောဆိုခြင်းလုံးဝမရှိဘဲ အနောက်ကမ္ဘာခြမ်းမှ မြန်မာနိုင်ငံနှင့် မိုင်ပေါင်းများစွာဝေးလှသော အမေရိကန်နိုင်ငံက မြန်မာအရေးသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်နေသည်ဟု လုပ်ဇာတ်ခင်းပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးယူဆောင်ရွက်နိုင်ရန် အရေးတကြီး မမှန်မကန်ကြိုးပမ်းနေခြင်း ဖြစ်ကြောင်း။

ကမ္ဘာတွင် ဖွံ့ဖြိုးတိုးတက်လာသော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံကြီး နှစ်နိုင်ငံတို့အကြား တည်ရှိနေသော မြန်မာနိုင်ငံသည် အမေရိကန်တို့အတွက် မဟာဗျူဟာကျသည့်အတွက် မြန်မာနိုင်ငံတွင် ၎င်းတို့ သြဇာခံ ရုပ်သေးအစိုးရအာဏာရရေး၊ တပ်မတော်အစိုးရဖယ်ရှားရေးကြိုးပမ်းမှုသာဖြစ်သည်ဆိုသည်ကို ၎င်းတို့၏ လုပ်ရပ်က သိသာထင်ရှားစေခဲ့ကြောင်း။

အမေရိကန်နှင့် အနောက်အုပ်စု အပေါင်းပါများနှင့်အတူ ပြည်တွင်းပြည်ပသြဇာခံများ၊ ပြည်ပအားကိုးအဆိုးမြင်ဝါဒီများက တစ်ကျိတ်တည်း တစ်ကြံတည်း ပူးပေါင်းကြံစည် ထောက်ခံအားပေးလျက်ရှိကြောင်း အမေရိကန်တို့၏ အရင်းရှင်ကျူးကျော်ရေးဝါဒကြောင့် ကမ္ဘာ့နိုင်ငံအချို့တွင် ပြည်သူများကြောက်မက်ဖွယ်ရာ အတိဒုက္ခကြုံနေရမှုကို မျက်ကွယ်ပြုလျက် အမေရိကန်တို့၏ တစ်ဖက်သတ်အရင်းရှင်ကျူးကျော်ရေးဝါဒကို လွဲမှားစွာ ကိုးကွယ်အားထားလျက်ရှိနေကြကြောင်း။

အမေရိကန်နှင့်ဗြိတိန်နိုင်ငံတို့သည် ကမ္ဘာတစ်ဝန်းတွင် တစ်ဖက်သတ်လက်ဝါးကြီးအုပ် ဗိုလ်ကျစိုးမိုးရေးအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်(၅)နိုင်ငံ၌ သူတစ်ပါးနိုင်ငံအပေါ် အင်အားသုံးကျူးကျော်စစ်ပွဲ အဆင်နွှဲဆုံး၊ တစ်ပါးနိုင်ငံများ၏ ပြည်တွင်းရေးများကို ဝင်ရောက်အစွက်ဖက်ဆုံး၊ ကုလသမဂ္ဂပဋိညာဉ်အဖောက်ဖျက်ဆုံး၊ ဗီတိုအာဏာအသုံးဆုံး နိုင်ငံများဖြစ်ကြောင်း။

ယခုကဲ့သို့ အမေရိကန်နှင့်ဗြိတိန်တို့၏ ဤမြန်မာအရေးကို ပုံကြီးချဲ့လုပ်ဇာတ်ခင်းပြီး၊ ၎င်းတို့အကျိုးအတွက် ၁၂-၁-၂၀၀၇ရက်က လုံခြုံရေးကောင်စီဆုံးဖြတ်ချက်ဖြင့် အရေးယူရန်တင်ပြလာမှုအပေါ် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က Double veto သုံး၍ ကန့်ကွက်ပယ်ချမှုသည် နိုင်ငံတကာပြည်သူများ၏ လုံခြုံရေး၊ ငြိမ်းချမ်းရေးနှင့်တရားမျှတရေးကို ကိုယ်စားပြုသော အောင်ပွဲတစ်ရပ်ဖြစ်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူစွာ ထောက်ခံကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့နှင့်အတူ အမှန်တရားဘက်မှ ရပ်တည် ခဲ့သော တောင်အာဖရိကနိုင်ငံအားလည်း ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြပါရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးစိုးဝင်း အာဆီယံခေါင်းဆောင်များ၏ ထိပ်သီးအစည်းအဝေးတက်ရန် ဖိလစ်ပိုင်သမ္မတနိုင်ငံ စီးဘူးမြို့သို့ရောက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာမာဂါပါကဲလ် အာရိုယို၏ ဖိတ်ကြားချက်အရ ဖိလစ်ပိုင်သမ္မတနိုင်ငံ စီးဘူးမြို့၌ကျင်းပမည့် (၁၂) ကြိမ်မြောက် အာဆီယံခေါင်းဆောင်များ၏ ထိပ်သီးအစည်းအဝေး၊ တတိယအကြိမ် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေး၊ (၁၀) ကြိမ်မြောက် အာဆီယံ-ကိုရီးယား ထိပ်သီးအစည်းအဝေး၊ (၅)ကြိမ်မြောက် အာဆီယံ-အိန္ဒိယထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် အာဆီယံ-ဂျပန်ထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် အာဆီယံ+၃ ထိပ်သီးအစည်းအဝေးနှင့် ဒုတိယအကြိမ်အရှေ့အာရှနိုင်ငံများ၏ ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ ဝန်ကြီးချုပ်ရုံးညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဇန်နဝါရီ ၁၁ ရက် နံနက် ၁၁ နာရီ မိနစ် ၂၀တွင် ပြည်ထောင်စုမြန်မာနိုင်ငံ နေပြည်တော်မှ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် ညနေ ၆ နာရီ ၂၅ မိနစ်တွင် စီးဘူးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

ကြိုဆိုနှုတ်ဆက်

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား ဖိလစ်ပိုင်သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသောင်းထွန်းနှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဌာန အကြီးအကဲ Mr. Jerril Santos တို့က လေယာဉ်ပေါ်သို့ တက်ရောက်ကြပြီး ခရီးဦး ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဖိလစ်ပိုင်သမ္မတနိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး Mr. Peter Fivila၊ စီးဘူးပြည်နယ် အုပ်ချုပ်ရေးမှူး Ms. Gwendolyn Garcia၊ Lapu Lapu မြို့တော်ဝန် Mr. Arturo Radaza နှင့် တာဝန်ရှိသူများ၊ စီးဘူးမြို့သို့ ကြိုတင်ရောက်ရှိနေသည့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် မြန်မာသံရုံးအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ဂါရဝပြုပန်းကုံးပေးအပ်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်အား ဖိလစ်ပိုင်အမျိုးသမီးတစ်ဦးက ဂါရဝပြုပန်းကုံးပေးအပ်သည်။

ထို့အပြင် ဖိလစ်ပိုင်ရိုးရာယဉ်ကျေးမှု အတီး၊ အမှုတ်၊ အကအခုန်တို့ဖြင့်လည်း ဂုဏ်ပြုကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် စီးဘူးမြို့ရှိ Shangri-La's Mactan Island Resort Hotel သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား ဖိလစ်ပိုင်သမ္မတနိုင်ငံ စီးဘူးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး Mr. Peter Fivila ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဂုဏ်ပြုကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား ဖိလစ်ပိုင်သမ္မတနိုင်ငံ စီးဘူး အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဖိလစ်ပိုင်ရိုးရာယဉ်ကျေးမှု အတီးအမှုတ် အကအခုန်တို့ဖြင့် ဂုဏ်ပြုကြိုဆိုကြစဉ်။ (သတင်းစဉ်)

ပန်းသီးဖျော်ရည်သည် နှလုံးနှင့်ကင်ဆာရောဂါများကို ကာကွယ်နိုင်

ပန်းသီးဖျော်ရည်သည် လူတို့တွင် ဖြစ်ပွားတတ်သော နှလုံးရောဂါနှင့် ကင်ဆာရောဂါများ ဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်ကြောင်း ပိုလန်သိပ္ပံ သုတေသနပညာရှင်များက ပြောကြားလိုက်သည်။

ပန်းသီးဖျော်ရည်တွင် နှလုံးရောဂါ၊ ကင်ဆာရောဂါအပြင် အခြားရောဂါအတော်များများကို မဖြစ်ပွားနိုင်အောင် အကာအကွယ်ပေးနိုင်သည့်

အင်တီအောက်စီဒင့်ဓာတ်များ ပေါများစွာတွေ့ရှိရသည်ဟု အဆိုပါသိပ္ပံ ပညာရှင်များက ပြောကြားသည်။

အကောင်းဆုံး

အဆိုပါ အင်န်နာတီအောက်စီဒင့်ဓာတ်များကို အနက်ရောင်ချောကလက်များ၊ စတော်ဘယ်ရီသီးများနှင့် အနီရောင်ဝိုင်တို့တွင် တွေ့ရှိရကြောင်း၊ သို့ရာတွင် ပန်းသီးဖျော်ရည်တွင် ပါဝင်မှုအနေအထားသည် အကောင်းဆုံးဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

ကာကွယ်နိုင်

ထို့အတူ ပန်းသီးဖျော်ရည်ကဲ့သို့ပင် စတော်ဘယ်ရီ ဖျော်ရည်တွင်လည်း နှလုံးနှင့်ကင်ဆာရောဂါများကို အကာအကွယ်ပေးနိုင်သည့် ဓာတ်များကို တွေ့ရှိရသည်ဟု သုတေသနအဖွဲ့ခေါင်းဆောင် ဒေါက်တာဂျန်အိုစမန်စကီက ပြောဆိုသည်။ **(ကိုးကား-အင်တာနက်)**

အင်တာနက် သတင်းနှင့်ဓာတ်ပုံ

ဖခင် ဦးကိုကိုကြီး၊ မိခင် ဒေါ်အေးကြည်၊ အစ်ကို ဦးဝင်းလှိုင်၊ မောင် ဦးစိုးမြင့်၊ ညီမ ဒေါ်ခင်ရီ(ပေါင်းတည်)တို့အား ရည်စူး၍ အမှတ် ၆၈၁ မြကန်သာ၂လမ်း ငါးမိုင်ခွဲ ကမာရွတ်မြို့နယ်နေ ဒေါ်တင်ရီ မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေး၊ ငွေပဒေသာပင်ငွေကျပ်သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူးဦးမောင်မောင် လက်ခံယူစဉ်။ (က-ပ)

အာဆီယံပဋိညာဉ်သည် အာဆီယံအသင်း၏ အနာဂတ်အတွက် အရေးကြီးသည့် အခြေခံအုတ်မြစ်ဖြစ် စည်းလုံးညီညွတ်ရေး၊ ပေါင်းစည်းရေး အရေးပါသော ပဋိညာဉ်ဖြစ်၍ ရေရှည်တည်တံ့ရန်လို စီးပွားရေးဆိုင်ရာကိစ္စရပ်များတွင် ပြောင်းလွယ်၊ ပြင်လွယ်နိုင်သည့်စနစ်ကို ကျင့်သုံးသင့်

နေပြည်တော် ဇန်နဝါရီ ၁၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဇန်နဝါရီ၁၂ရက် ညနေ ၆နာရီခွဲတွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ စီးဘူးမြို့ရှိ Cebu International Convention Centre Room(2) ၌ ကျင်းပသည့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် အာဆီယံပဋိညာဉ်ရေးဆွဲရေးဆိုင်ရာ ပညာရှင်များအဖွဲ့တို့ တွေ့ဆုံပွဲသို့ တက်ရောက်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် အာဆီယံပဋိညာဉ်ရေးဆွဲရေးဆိုင်ရာ ပညာရှင်များအဖွဲ့တို့ တွေ့ဆုံပွဲသို့ တက်ရောက်လာရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာ မာဂါပါကဲလ် အာရိုယို ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ဘရူနိုင်းဒါရူ ဆလမ်နိုင်ငံ ဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာဆူဆီလိုဘန်ဘန်း ယူဒိုယိုနို၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန် ဘုဖာဝမ်း၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆရီအဗ္ဗဒူလာဘင် ဟာဂျီအာမက် ဘာဒါဝီ၊ ဖိလစ်ပိုင် သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာ မာဂါပါကဲလ်အာရိုယို၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်း၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စူရာယုဒ်ချူလာနွန်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် အာဆီယံပဋိညာဉ် ရေးဆွဲရေးဆိုင်ရာ ပညာရှင်အဖွဲ့ဝင် ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ ဖိလစ်ပိုင် သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသောင်းထွန်း၊ အာဆီယံရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဘွား၊ အာဆီယံနိုင်ငံများမှ အာဆီယံပဋိညာဉ် ရေးဆွဲရေးဆိုင်ရာ ပညာရှင်များနှင့် အာဆီယံ အတွင်းရေးမှူးချုပ် မစ္စတာအွန်ကင်ယွန်တို့ တက်ရောက်ကြသည်။

ကြိုဆိုနှုတ်ဆက်

တွေ့ဆုံပွဲ မစတင်မီ ညနေ ၆နာရီ ၁၀မိနစ်မှ စတင်၍ အာဆီယံနိုင်ငံ အကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများသည် Cebu International Convention Centre သို့ ရောက်ရှိလာကြရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာမာဂါပါကဲလ် အာရိုယိုက ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် တွေ့ဆုံပွဲကို စတင်ကျင်းပရာ ရှေးဦးစွာ သဘာပတိ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတက ပဏာမ စကားပြောကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း အာဆီယံ နိုင်ငံများမှ နိုင်ငံ အကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် အာဆီယံ ပဋိညာဉ် ရေးဆွဲရေးဆိုင်ရာ ပညာရှင်များအဖွဲ့တို့ တွေ့ဆုံပွဲတွင် အာဆီယံ ပဋိညာဉ် ရေးဆွဲရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားစဉ်။ (သတင်းစဉ်)

တွေ့ဆုံပွဲတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီး ချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အာဆီယံ ပဋိညာဉ်သည် အာဆီယံအသင်း၏ အနာဂတ်အတွက်အရေးကြီးသည့် အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ အာဆီယံနိုင်ငံများစည်းလုံးညီညွတ်ရေး၊ ပေါင်းစည်းရေးတို့အတွက် အရေးပါသော ပဋိညာဉ်ဖြစ်၍ ရေရှည် တည်တံ့စေရန်အတွက် ဘက်စုံမှ ညှိနှိုင်းစဉ်းစား ရေးဆွဲသွားရန် လိုအပ်ကြောင်း၊ တူညီဆန္ဒ (Consensus)ဖြင့် ဆုံးဖြတ်ပြီး စီးပွားရေးဆိုင်ရာ ကိစ္စရပ်များတွင် ပြောင်းလွယ်၊ ပြင်လွယ်နိုင်သည့် စနစ်ကို ကျင့်သုံး ဖွဲ့စည်းတာဝန်ပေးအပ်ရေး ကိစ္စ၊ ပညာရှင်အဖွဲ့၏ တင်ပြချက် စာတမ်းကို အာဆီယံ ပဋိညာဉ် ရေးဆွဲရာတွင် ကိုးကားအသုံးပြုရန် ပညာရှင်အဖွဲ့၏ တင်ပြချက်၌ ပါဝင်သော အချို့စကားရပ်များသည် ဝိဝါဒကွဲပြားရန် ကိစ္စများ ပါရှိနေ၍ ၎င်းစကားရပ်တို့ကို တိကျသော အဓိပ္ပာယ် ဖွင့်ဆိုချက်များရှိရန် လိုကြောင်း၊ အာဆီယံဖွဲ့စည်းရာတွင် အာဆီယံသမဂ္ဂ (ASEAN Union) ဟူသော စကားရပ်ကို သုံးစွဲခြင်းမပြုသင့်ကြောင်း၊ ဆုံးဖြတ်ချက် ချမှတ်ရာတွင် နိုင်ငံခြားနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၌ သင့်ကြောင်း စသည်ဖြင့် ဆွေးနွေးပြောကြားသည်။

ညှိနှိုင်းဆွေးနွေး

အခြား အာဆီယံနိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများကလည်း ပညာရှင်အဖွဲ့၏ အကြံပြု တင်ပြချက်အပေါ် မိမိတို့၏ သဘောထားများကို တင်ပြကြပြီး အာဆီယံပဋိညာဉ် ရေးဆွဲရေးအတွက် အဆင့်မြင့် လုပ်ငန်းအဖွဲ့ စာတမ်းတစ်ခုအဖြစ် ထည့်သွင်းလက်ခံရေး၊ အာဆီယံ ပဋိညာဉ် ရေးဆွဲရေးနှင့် စပ်လျဉ်းသည့် အာဆီယံအဖွဲ့၏ ကြေညာချက် ထုတ်ပြန်ရေးကိစ္စတို့အပေါ် ညှိနှိုင်းဆွေးနွေးကြပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

တွေ့ဆုံဆွေးနွေး

အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် အာဆီယံပဋိညာဉ်ရေးဆွဲရေးဆိုင်ရာ ပညာရှင်များအဖွဲ့တို့ ဖိလစ်ပိုင်သမ္မတနိုင်ငံ စီးဘူးမြို့ Cebu International Convention Centre ၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာ မှတ်တမ်းများ အတွဲ(၇)(ပထမပိုင်း) ထုတ်ဝေဖြန့်ချိရောင်းချမည်

ရန်ကုန် ဇန်နဝါရီ ၁၆

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက ၂၀၀၅ခုနှစ် ဒီဇင်ဘာ ၅ရက်မှ ၂၀၀၆ခုနှစ် ဇန်နဝါရီ ၃၀ရက် အထိ ကျင်းပပြုလုပ်ခဲ့သော အမျိုးသားညီလာခံစုံညီအစည်းအဝေးနှင့် စပ်လျဉ်း၍ ကျင်းပရေးဆိုင်ရာ မှတ်တမ်းမှတ်ရာများကို စုစည်းပြီး "အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာမှတ်တမ်း အတွဲ(၇) (ပထမပိုင်း)"ကို ရိုက်နှိပ်ထုတ်ဝေလိုက်သည်။

ယင်းမှတ်တမ်းစာအုပ်တွင် ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၅ရက်မှ ၂၀၀၆ခုနှစ် ဇန်နဝါရီ ၃၀ ရက်အတွင်း ကျင်းပပြုလုပ်ခဲ့သော အမျိုးသားညီလာခံ စုံညီအစည်းအဝေးများတွင် အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ကမြွက်ကြားခဲ့သော မိန့်ခွန်းများ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုး၏ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားချက်များ၊ ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် လွှတ်တော် (၃)ရပ်၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက်အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားချက်များ၊ နိုင်ငံသား–နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်း၊ တပ်မတော်အခန်းတို့အတွက် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားချက်များ၊ ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် အချို့တို့က အမျိုးသားညီလာခံတွင်ဖတ်ကြားတင်ပြခဲ့သည့် အကြံပြုချက်စာတမ်းများ ပြည့်ပြည့်စုံစုံ ဖော်ပြပါရှိသည်။

ဝယ်ယူနိုင်

ယင်းမှတ်တမ်းစာအုပ်ကို တစ်အုပ်လျှင် ကျပ်၄၇၀၀နှုန်းဖြင့် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရုံး (ကျိုက္ကဆံကွင်း)ရန်ကုန်မြို့၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးစာအုပ်ဆိုင် သိမ်ဖြူလမ်း ရန်ကုန်မြို့၊ စာပေဗိမာန် စာအုပ်ဆိုင် ကုန်သည်လမ်း ရန်ကုန်မြို့တို့တွင် ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

17-1 (05) 1 3/25/1905, 12:22 AM

တတိယအကြိမ် ကမ္ဘောဒီးယား- လာအို- မြန်မာ- ဗီယက်နမ် ထိပ်သီးအစည်းအဝေး အလှည့်ကျသဘာပတိ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက် ဟွန်ဆင်အား ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

တတိယအကြိမ် ကမ္ဘောဒီးယား- လာအို- မြန်မာ- ဗီယက်နမ် ထိပ်သီးအစည်းအဝေး အလှည့်ကျသဘာပတိ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်းအား ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

တတိယအကြိမ် ကမ္ဘောဒီးယား- လာအို- မြန်မာ- ဗီယက်နမ် ထိပ်သီးအစည်းအဝေး အလှည့်ကျသဘာပတိ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဗီယက်နမ်ဆိုရှစ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းအား ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

✳ *ကျောဖုံးမှ*

ကြိုဆိုနှုတ်ဆက်

ထိပ်သီးအစည်းအဝေး မစတင်မီ တတိယအကြိမ် ကမ္ဘောဒီးယား- လာအို- မြန်မာ-ဗီယက်နမ် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ဝန်ကြီးချုပ် များသည် ညနေ ၃ နာရီ ၄၅ မိနစ်မှ စတင်၍ Rosal Ballroom 3 သို့ ရောက်ရှိလာကြရာ တတိယအကြိမ် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ထိပ်သီးအစည်းအဝေး၏ အလှည့်ကျသဘာပတိ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် တတိယအကြိမ် ကမ္ဘောဒီးယား- လာအို- မြန်မာ-ဗီယက်နမ် ထိပ်သီးအစည်းအဝေး (CLMV Summit) ကို ကျင်းပရာ မြန်မာနိုင်ငံ ဝန်ကြီးချုပ်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အစည်းအဝေး အစီအစဉ်အတိုင်း ထိပ်သီးအစည်းအဝေးကို ကျင်းပသည်။

ဖတ်ကြားတင်ပြ

ထိပ်သီးအစည်းအဝေး အစီအစဉ်အရ CLMV နိုင်ငံများ၏ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးများ၏ အစီရင်ခံစာကို ပြည်ထောင်စု မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းက ဖတ်ကြားတင်ပြသည်။

ယင်းအစီရင်ခံစာအပေါ် မြန်မာနိုင်ငံဝန်ကြီးချုပ်က စတင်ထပ်မံ ရှင်းလင်းဆွေးနွေးပြီးနောက် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းတို့ကလည်း အသေးစိတ်ပါဝင်ဆွေးနွေးကြသည်။

ညှိနှိုင်းဆွေးနွေး

ယင်းသို့ဆွေးနွေးကြရာ၌ CLMV အဖွဲ့ဝင်နိုင်ငံများ ဖွံ့ဖြိုး တိုးတက်ရေး၊ CLMV နှင့် ဧရာဝတီ-ကျောက်ဖယား-မဲခေါင်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (ACMECS) နိုင်ငံများအကြား ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာ၌ လုပ်ငန်းများထပ်မနေစေဘဲ ဟန်ချက်ညီညီ၊ ထိထိရောက်ရောက် အကောင်အထည်ဖော်ရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရန်ပုံငွေတစ်ရပ်ထူထောင်ရေး၊ အဖွဲ့ဝင်နိုင်ငံများအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာရေး၊ CLMV နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေးနှင့် ပေါင်းစည်းရေးဆိုင်ရာ လုပ်ငန်းစဉ် အသစ်ချမှတ်ရေး၊ စတုတ္ထအကြိမ် CLMV ထိပ်သီးအစည်းအဝေး ကျင်းပရေးစသည့် အချက်များအပေါ် ရင်းနှီးဖော်ရွေစွာ ညှိနှိုင်းဆွေးနွေးကြသည်။

ဆက်လက်၍ အာဆီယံ အတွင်းရေးမှူးချုပ် မစ္စတာ အွန်ကင်ယွန်ကလည်း CLMV နိုင်ငံများ ဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များအပေါ် အာဆီယံအသင်းအနေဖြင့် ပံ့ပိုးကူညီသွားမည့်အခြေအနေများကို တင်ပြဆွေးနွေးသည်။

ပူးတွဲကြေညာချက်

ထို့နောက် အစိုးရအဖွဲ့ အကြီးအကဲများသည် CLMV နိုင်ငံများ၏ နောက်တစ်ကြိမ် ထိပ်သီးအစည်းအဝေးကို အက်မက်စ်ထိပ်သီးအစည်းအဝေးကျင်းပမည့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတ နိုင်ငံ၌ပင် တစ်ဆက်တစ်စပ်တည်းကျင်းပရေး၊ CLMV နိုင်ငံများ၏ ရှေ့လုပ်ငန်းစဉ်သစ် ချမှတ်အကောင်အထည်ဖော်သွားရေး၊ အာဆီယံပေါင်းစည်းရေး အစီအစဉ်ကို ထိရောက်စွာ ပူးပေါင်းအကောင်အထည်ဖော်ရေးကိစ္စတို့ကို အပြန်အလှန် ညှိနှိုင်းဆွေးနွေးကြပြီး CLMV နိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ပေါင်းစည်းရေးဆိုင်ရာ ရှေ့လုပ်ငန်းသစ်နှင့် တတိယအကြိမ် CLMV နိုင်ငံများ၏ ပူးတွဲကြေညာချက်တို့ကို အတည်ပြုကြသည်။

လွှဲပြောင်းပေးအပ်

ယင်းနောက် CLMV သဘာပတိ၏ တာဝန်ကို ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်က ဗီယက်နမ်ဆိုရှယ်လစ်သမ္မတ နိုင်ငံ ဝန်ကြီးချုပ်ထံ လွှဲပြောင်းပေးအပ်လိုက်ပြီး တတိယအကြိမ် ကမ္ဘောဒီးယား- လာအို- မြန်မာ- ဗီယက်နမ် ထိပ်သီးအစည်းအဝေးကို ညနေ ၅ နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၈ ခုနှစ် ပြာသိုလကွယ်နေ့
(ဥပုသ်နေ့)
၁၇-၁-၂၀၀၇ ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၅။	အတီးပြိုင်ပွဲ
၈:၀၅	၆။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၁၅	၇။	အဆိုပြိုင်ပွဲ
၈:၂၀	၈။	ချောင်းမကြီး(မြို့လှ) ရေလှောင်တမံ(ပဲခူးတိုင်း)
၈:၃၀	၉။	International News
၈:၄၅	၁၀။	Let's Go

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သိပ္ပံအထူးပြုအားလုံး) [ရူပဗေဒ]
၁၆:၄၅	၄။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၀၀	၅။	**"မူးလျှင်မမောင်းနဲ့ မောင်းလျှင်မမူးနဲ့"** လူမင်း၊ သူသူဟံသာ၊ အိမ်အိမ်း (ဒါရိုက်တာ-သက်တင်)
၁၇:၀၅	၆။	သီချင်းကြီးပဒေသာ
၁၇:၂၀	၇။	ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၇:၃၀	၈။	ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
၁၈:၀၀	၉။	ညနေခင်းသတင်း
၁၈:၃၀	၁၀။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၁။	သုတစုံလင် ရွှေဉာဏ်ရှင်
၁၉:၀၅	၁၂။	ကြေးမုံရိပ်သွင် တေးနုယဉ်
၁၉:၂၀	၁၃။	စိမ်းလန်းစိုပြည် အပူပိုင်းဒေသနယ်မြေ(မကွေးတိုင်း)[အပိုင်း-၂]
၁၉:၃၀	၁၄။	**"ချစ်လွန်းလို့"** ပိုးဖြူ၊ ခင်စိုးပိုင်၊ မျိုးမျိုးခိုင် (ဒါရိုက်တာ-ကြည်စိုး)
၁၉:၄၀	၁၅။	မြန်မာနိုင်ငံ၌ စစ်စခန်းများ အခြေစိုက်ချထားနိုင်ရေးအတွက် ကိုယ်ပိုင်ရုပ်သေး အစိုးရထားရှိရန် ကြိုးပမ်းအားထုတ်နေသော အမေရိကန်နှင့် အမေရိကန်အလိုကျ ကြိုးဆွဲရာ လိုက်ကနေသော အမျိုးသားသစ္စာဖောက်များအကြောင်း(အပိုင်း-၂)
၂၀:၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	မြန်မာရုပ်ရှင် **"ချစ်ခြင်းဆိုသည် ဘာလဲကွယ်"** နေအောင်၊ တင်တင်ညို (ဒါရိုက်တာ-မောင်ဆွေတင့်၊ ပန်းချီစိုးမိုး)
	၂၀။	မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်

မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ် မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံ ဆိုင်ရာ ပညာသင် မြန်မာ ရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီးဆောက်လုပ်ရန်အတွက် လမ်း မ တော် မြို့နယ် ရွှေတောင်တန်းလမ်းအမှတ် (၅၁)နေ ဒေါ်နန်းကျင်၊ မြေး မပြိုးသဉ္ဇာကျော်၊ မခင်နန်းပွင့်လေး မိသားစုက အလှူငွေကျပ်နှစ်သိန်း လှူဒါန်းရာ ကျောင်းအကျိုးဆောင် အတွင်းရေးမှူး ဒေါ်မြရှင်က လက်ခံယူစဉ်။ (က-ပ)

လေးမျက်နှာမြို့နယ်အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၆

လေးမျက်နှာ မြို့နယ်အသင်း (ရန်ကုန်) ၏ နှစ်(၃၀)ပြည့် ပုလဲရတု နှစ်ပတ်လည် သင်းလုံးကျွတ် စည်းဝေးပွဲ၊ သာသနာတော်ဆိုင်ရာ ဂုဏဝိသိဋ္ဌ ပူဇာပွဲ၊ အသက် ၈၀ နှစ်နှင့် အထက် အသင်းဝင်များ သက်ကြီးပူဇော်ပွဲနှင့် ၂၀၀၅-၂၀၀၆ ပညာသင်နှစ် အသင်းဝင်များ၏ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရ သားသမီးများအား ပညာရည်ချွန်ဆုပေးပွဲနှင့် အသင်းရုံးသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၄ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် အင်းစိန်မြို့နယ် အောင်ဆန်းမြို့ စဉ့်ဂူရုပ်ကွက် တောရတပ်ဦးကျောင်းတိုက် မိုးကုတ် ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ(၇၇) ပဓာန နာယကဆရာတော်ဘဒ္ဒန္တ သဒ္ဓမ္မ ကိတ္တိသာရ (မဟာကမ္မဋ္ဌာနာစရိယ)အား အမှူးထား၍ ကျင်းပမည် ဖြစ်သည်။

အသင်းဝင်များ ရန်ကုန်ရောက် လေးမျက်နှာ မြို့နယ်သားများသည် ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် ဂုဏဝိသိဋ္ဌပူဇာပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ ဖေဖော်ဝါရီ ၁၈ ရက်တွင် လေးမျက်နှာမြို့သို့ သွားရောက်ကျင်းပမည့် တစ်မြို့နယ်လုံး ကျောင်းထိုင်ဆရာတော်များအား သင်္ကန်းနှင့်ပစ္စည်းလေးပါးကပ်လှူပွဲတွင် ပါဝင်လိုက်ပါလှူဒါန်းလိုသူများ၊ အသင်းရုံး ဖြစ်မြောက်ရေးတွင် ပါဝင်လှူဒါန်း လိုသူများနှင့် အမှတ်စာရင်းပေးပို့လိုသော ဂုဏ်ထူးရ သားသမီးများသည် ဦးကြီးမြင့် (ဒုတိယဥက္ကဋ္ဌ) ဖုန်း- ၆၅၁၆၉၃၊ ဦးမောင်မောင်သွင် (အတွင်းရေးမှူး) ဖုန်း-၅၁၃၄၃၈၊ ဦးသောင်း ဖုန်း-၆၈၅၄၄၀၊ ၇၀၅၅၉၀၊ ဆုတခွန်းတိုက် ဖုန်း-၅၂၆၀၀၆၊ လေးမျက်နှာ စံစံသက်န်းတိုက် ဟသ်ာတ ဖုန်း- ၀၄၄-၂၁၈၆၅၊ ဒေါ်ခင်သန်းနွယ် ဟသ်ာတဖုန်း-၀၄၄-၂၁၇၇၉၊ဒက္ခိဏာရုံကျောင်းတိုက် လေးမျက်နှာ ဖုန်း- ၀၄၄-၂၂၂၂၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အာဆီယံနိုင်ငံများမှ အစိုးရအဖွဲ့ အကြီးအကဲများ၏ အလုပ်သဘောညစာစားပွဲ တက်ရောက်

အစိုးရအဖွဲ့ခေါင်းဆောင်များက မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုကို ကြိုဆို ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်

နေပြည်တော် ဇန်နဝါရီ ၁၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဇန်နဝါရီ ၁၂ ရက် ည ၇နာရီ ၄၅ မိနစ်တွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ စီဘူးမြို့ရှိ Cebu International Convention Centre Room 103 ၌ ကျင်းပသည့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ၏ အလုပ်သဘော ညစာစားပွဲသို့ တက်ရောက်သည်။

တက်ရောက်

အဆိုပါ ညစာစားပွဲသို့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယားမူ အစ်ဇာဒင်ဟိုလာ၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်၊ အင်ဒိုနီးရှား သမ္မတနိုင်ငံ သမ္မတဒေါက်တာ ဆူဆီလိုဘန်ဘန်းယူဒိုယိုနို၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန် ဘုဖာဝမ်း၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆရီ အဗ္ဗဒူလာဘင်ဟာဂျီ အာမက်ဘာဒါဝီ၊ ဖိလစ်ပိုင် သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာ မာဂါပါကဲလ်အာရိုယို၊ စင်ကာပူသမ္မတ နိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်လွန်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စူရာယုဒ် ချူလာနွန်၊ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း၊ မြန်မာနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ သန်းညွန့်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ အာဆီယံနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၊ စီးပွားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာ အွန်ကင်ယွန်တို့ တက်ရောက်ကြသည်။

ညစာစားပွဲတွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာမာဂါ ပါကဲလ်အာရိုယိုက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး (၁၂)ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံ ပြင်ဆင်စီမံထားရှိမှုများနှင့် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ရင်းရင်းနှီးနှီးဆွေးနွေး

ညစာစားပွဲ၌ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲနှင့် အစိုးရအဖွဲ့ အကြီးအကဲများသည် အလုပ်သဘော ရင်းရင်းနှီးနှီးဆွေးနွေးကြသည်။

ညစာသုံးဆောင်အပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့်အတူ အစည်းအဝေးခန်းမ (၁၀၁)၌ ကျင်းပသည့် ဆွေးနွေးပွဲသို့ တက်ရောက်သည်။

ရှင်းလင်းပြောကြား

ဆွေးနွေးပွဲတွင် နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံတွင် အမျိုးသားညီလာခံကျင်းပပြီးစီးမှုအခြေအနေ၊ ကုလသမဂ္ဂနှင့် ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေ အပါအဝင် မြန်မာနိုင်ငံ၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတိုးတက်ဖြစ်ပေါ်မှုအခြေအနေအပါအဝင် နောက်ဆုံးဖြစ်ပေါ် တိုးတက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

အမြင်ချင်းဖလှယ်

ယင်းနောက် အစိုးရအဖွဲ့ခေါင်းဆောင်များက မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုကိုကြိုဆိုကြပြီး ဒေသတွင်းနှင့်အပြည်ပြည်ဆိုင်ရာ ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ကြကာ ဒေသတွင်း၌ အာဆီယံ၏အခန်းကဏ္ဍ မြှင့်တင်ရေးကို ဆွေးနွေးကြပြီး ဆွေးနွေးပွဲကို ည ၁၀ နာရီတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေး ဆောင်ရွက်ရန် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်များ လက်မှတ်ရေးထိုးချုပ်ဆို

နေပြည်တော် ဇန်နဝါရီ ၁၆

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ CNPC International Ltd. တို့သည် ရခိုင်ကမ်းလွန်ဒေသ လုပ်ကွက်များဖြစ်ကြသော AD-1, AD-6 နှင့် AD-8 တို့၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် (Production Sharing Contract) များကို ဇန်နဝါရီ ၁၅ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ လက်မှတ်ရေးထိုးချုပ်ဆိုကြသည်။

တက်ရောက်

လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ရှေ့နေချုပ် ဦးအေးမောင်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင် (National Development and Reform Commission) ဒုတိယဥက္ကဋ္ဌ Mr. Zhang Guobao၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Guan Mu၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Petro China Co., Ltd. ဒုတိယ ဥက္ကဋ္ဌ Mr. Liao Yong Yuan နှင့် တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အဖွင့်အမှာစကား ပြောကြားသည်။

နှုတ်ခွန်းဆက်စကားပြောကြား

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ Mr. Zhang Guobao၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ကြည်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Petro China Co., Ltd. ဒုတိယဥက္ကဋ္ဌ Mr. Liao Yong Yuan တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ဆက်လက်၍ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်ကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ကြည်၊ CNPC International Ltd. ဒုတိယဥက္ကဋ္ဌ Mr. Song Yi Wu နှင့် အသိသက်သေများအဖြစ် စွမ်းအင်စီမံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်၊ CNPC International Ltd. Director (Business Development) Mr. Jiang Ming Jun တို့က လက်မှတ်ရေးထိုးကာ စာချုပ်များကို အပြန်အလှန် လဲလှယ်ကြသည်။

ခွင့်ပြုမိန့်ပေးအပ်

ယင်းနောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက စွမ်းအင်ဝန်ကြီးဌာန၏ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုမိန့်ကိုလည်းကောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးသောင်း **(အပေါ်ပုံ)** ကမြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ကိုလည်းကောင်း ပေးအပ်ရာ CNPC International Ltd. ဒုတိယဥက္ကဋ္ဌ Mr. Song Yi Wu က လက်ခံသည်။

ယမန်နေ့က လက်မှတ်ရေးထိုးချုပ်ဆိုသည့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်သည် ရခိုင်ကမ်းလွန်ဒေသရှိ လုပ်ကွက်များ ဖြစ်ကြသော AD-1, AD-6 နှင့် AD-8 တို့၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးအခြေခံဖြင့် အကျိုးတူပူးပေါင်း ဆောင်ရွက်သွားရန်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းအား တရုတ်ဧည့်သည်အဖွဲ့များ လာရောက်တွေ့ဆုံ ရေအားလျှပ်စစ်စီမံကိန်းများ တည်ဆောက်ရေးဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၆

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ NDRC မှ Vice Chairman H.E. Mr. Zhang Guobao နှင့်အဖွဲ့သည် ဇန်နဝါရီ ၁၅ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ China Power Investment Corporation မှ Vice President Ms. Zhang Xiaolu နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော် တည်ဆောက်ရေးကိစ္စများ ဆွေးနွေးကြသည်။

တွေ့ဆုံ

အလားတူ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ညနေပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဧည့်ခန်းမ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Power Investment Corporation မှ Vice President Ms. Zhang Xiaolu နှင့်အဖွဲ့အား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Power Investment Corporation မှ တာဝန်ရှိသူများ၊ အေးရှားဝေါလ်ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်း

အမေရိကန်အစိုးရသည် မြန်မာနိုင်ငံအား နိုင်ငံရေး၊ စီးပွားရေးအရ ဖိအားပေးအကျပ်ကိုင်လျက် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးတွင် ဝင်ရောက် စွက်ဖက်နေခဲ့သည်။ ၂၀၀၆ ခုနှစ် စက်တင်ဘာလ ၁ရက်နေ့တွင် ကုလသမဂ္ဂဆိုင်ရာ အမေရိကန်နိုင်ငံ အမြဲတမ်းကိုယ်စားလှယ်က မြန်မာနိုင်ငံသည် မြန်မာနိုင်ငံရေးအကျဉ်းသားများ ဆက်လက်ဖမ်းဆီးထားမှု၊ ဒုက္ခသည်ပြဿနာ၊ မူးယစ်ဆေးဝါးပြဿနာ၊ အေအိုင်ဒီအက်စ်နှင့် အခြားရောဂါဖြစ်ပွားမှုပြဿနာများ ပေါ်ပေါက်လျက်ရှိသဖြင့် ယင်းပြဿနာများသည် ဒေသတွင်းနှင့် နိုင်ငံတကာတည်ငြိမ်ရေး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်လာနိုင်သဖြင့် လုံခြုံရေးကောင်စီ၏ အစည်းအဝေး အစီအစဉ်တွင် မြန်မာနိုင်ငံအရေးကို ထည့်သွင်းဆွေးနွေးရန် လုံခြုံရေးကောင်စီဥက္ကဋ္ဌထံ စာရေးသား တောင်းဆိုခဲ့သည်။ ယင်းတောင်းဆိုချက်အား ကုလသမဂ္ဂလုံခြုံရေးကောင်စီက ၂၀၀၆ခုနှစ် စက်တင်ဘာလ ၁၅ရက်နေ့တွင် မဲခွဲဆုံးဖြတ်ခဲ့ရာ ထောက်ခံမဲ ၁၀မဲ၊ ကန့်ကွက်မဲ လေးမဲ၊ ကြားနေမဲ တစ်မဲဖြင့် အတည်ပြုခဲ့သည်။

မြန်မာနိုင်ငံ၏အရေးသည် ပြည်တွင်းရေးကိစ္စသာဖြစ်၍ ဒေသတွင်း နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေနိုင်ခြင်းမရှိသဖြင့် လုံခြုံရေးကောင်စီ၏ အစီအစဉ်တွင် ထည့်သွင်းရန်မသင့်ကြောင်း လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံဖြစ်ပြီး ဗီတိုအာဏာသုံးခွင့်ရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ဆွေးနွေးကန့်ကွက်ခဲ့သည်။ အမေရိကန်အစိုးရအနေဖြင့် မြန်မာနိုင်ငံ၏အရေးကိစ္စကို လုံခြုံရေးကောင်စီ၏ အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးနိုင်ရန်အတွက် မြန်မာနိုင်ငံအပေါ် မဟုတ်မမှန် လုပ်ကြံစွပ်စွဲပြီး လုံခြုံရေးကောင်စီအဖွဲ့ဝင် နိုင်ငံအချို့ကိုလည်း ဖိအားပေး စည်းရုံးသိမ်းသွင်းခဲ့သည်။

ယင်းမှတစ်ဆင့် အမေရိကန်အစိုးရသည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက် ဗြိတိန်နိုင်ငံနှင့် ပူးပေါင်းပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံ၏ အရေးကိစ္စအပေါ် ဆုံးဖြတ်ချက် (Resolution) ချမှတ် အရေးယူနိုင်ရေးကို ဦးဆောင်လှုပ်ရှားစည်းရုံးလာခဲ့သည်။ ယင်းကဲ့သို့ အမေရိကန်အစိုးရက ဗြိတိန်နိုင်ငံနှင့်ပူးပေါင်းပြီး မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ် ဖိအားပေး လုပ်ဆောင်မှုကို ပြည်တွင်းမှ ပါတီနိုင်ငံရေးသမားအချို့နှင့် အမျိုးသားသစ္စာဖောက်များအပါအဝင် ပြည်ပြေးဝရမ်းပြေးအကြမ်းဖက် သောင်းကျန်းသူများက ကြိုဆိုထောက်ခံခဲ့ကြသကဲ့သို့ အချိန်ကိုက် အတိုင်အဖောက်ညီစွာ လှုပ်ရှားလာခဲ့ကြသည်။

စင်စစ် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးသည် ဒေသတွင်းနှင့် နိုင်ငံတကာ၏ တည်ငြိမ်ရေး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုမည်သို့မျှ ထိခိုက်စေနိုင်သည့်အကြောင်းခြင်းရာ တစ်စုံတစ်ရာမရှိသဖြင့် ဒေသတွင်းနှင့် အိမ်နီးချင်းနိုင်ငံများက မြန်မာနိုင်ငံ၏အရေးကိစ္စသည် ပြည်တွင်းရေးသက်သက်မျှသာဖြစ်သည်ဟု ယုံကြည်လက်ခံပြီး လုံခြုံရေးကောင်စီတွင် ထည့်သွင်းဆွေးနွေးရန် တောင်းဆိုခြင်းလည်းမရှိခဲ့ပေ။ မြန်မာနိုင်ငံနှင့် ရေခြား၊ မြေခြား၊ ပင်လယ်ခြားပြီး အလှမ်းဝေးကွာစွာ ရှိနေသည့် အမေရိကန်နိုင်ငံအစိုးရက မြန်မာနိုင်ငံ၏အရေးသည် ဒေသတွင်း မတည်ငြိမ်မှုကို ဖြစ်ပွားစေသည်ဟု သောကဖိစီး စိုးရိမ်ကြီးစွာဖြင့် မြန်မာနိုင်ငံအရေးကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးယူပေးရန် တင်ပြတောင်းဆိုသော အဆိုမူကြမ်းသည် အခြေအမြစ်မဲ့၊ ယုတ္တိမဲ့၊ ကျိုးကြောင်းမဲ့ဖြင့် သိက္ခာမဲ့စွာဖြင့် ၎င်းတို့လိုလားသော၊ ၎င်းတို့ဩဇာခံ ရုပ်သေးအစိုးရ ပေါ်ပေါက်လာရေးကို အခြေခံ၍သာ တောင်းဆိုနေခြင်းဖြစ်သည်။

အကြောင်းမူ ယင်းအဆိုမူကြမ်းတွင် ဖော်ပြထားသော အဆိုပြုချက်များအနက် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားအားလုံးကို ခြွင်းချက်မရှိလွှတ်ပေးခြင်းဖြင့် လွတ်လပ်စွာဖော်ပြခွင့်၊ စည်းရုံးခွင့်၊ လှုပ်ရှားခွင့်များကို အပြည့်အဝခွင့်ပြုကြောင်း သိသာထင်ရှားသည့် ဆောင်ရွက်ချက်များပြုလုပ်ရန် မြန်မာအစိုးရကို တောင်းဆိုကြောင်းဟူသော အဆိုပြုချက်သည် မြန်မာနိုင်ငံ၏ပကတိအခြေအနေနှင့် လုံးဝကိုက်ညီဆီလျော်ခြင်း မရှိပေ။

ယင်းအဆိုပြုချက်သည် မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသား တစ်ထောင်ကျော်ရှိသည်ဟူသော လုပ်ကြံစွပ်စွဲချက်ကို အခြေခံခြင်းဖြစ်သည်။ စွပ်စွဲချက်အကြောင်းအရာများနှင့် ကိန်းဂဏန်းများသည် ပြည်တွင်းရှိ NLDပါတီနှင့် ပြည်ပြေးဝရမ်းပြေး အကြမ်းဖက်သောင်းကျန်းသူအုပ်စုမှ နိုင်ငံရေးအကျဉ်းသားများ စောင့်ရှောက်ကူညီရေးအဖွဲ့အမည်ခံ ပြည်ပြေးဝရမ်းပြေးအစုအဖွဲ့တို့၏ ပူးပေါင်းလုပ်ကြံ ဖန်တီးပေးပို့ထားသော အကြောင်းအရာနှင့် ကိန်းဂဏန်းများသာဖြစ်ပြီး အမေရိကန်အစိုးရကလည်း ယင်းစွပ်စွဲချက်အကြောင်းအရာနှင့် ကိန်းဂဏန်းများကိုဆုပ်ကိုင်ပြီး မြန်မာနိုင်ငံအား စွပ်စွဲပုတ်ခတ်ခြင်းဖြစ်သည်။

စင်စစ် မြန်မာနိုင်ငံတွင် နိုင်ငံရေးပြစ်မှုဖြင့် ဖမ်းဆီးချုပ်နှောင်အပြစ်ပေး အရေးယူခံရသော နိုင်ငံရေးအကျဉ်းသားဟူ၍ မရှိခဲ့ပါ။ နိုင်ငံတော်၏တည်ဆဲဥပဒေများနှင့် ပြစ်မှုဥပဒေ၊ ရာဇဝတ်မှုဥပဒေများကို ကျူးလွန်ခဲ့သူများ၊ ရာဇဝတ်သားများနှင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် လုံခြုံအေးချမ်းရေးကို အကြမ်းဖက်ဖျက်ဆီး နှောင့်ယှက်သူများကို တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အပြစ်ပေး အရေးယူထားခြင်းသာဖြစ်သည်။ မည်သည့် အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံမဆို တည်ဆဲတရားဥပဒေနှင့် ရာဇဝတ်ဥပဒေကို ချိုးဖောက်ကျူးလွန်သူများအား တရားဥပဒေနှင့်အညီ အရေးယူမည်သာဖြစ်သည်။ အရေးယူပိုင်ခွင့်လည်းရှိသည်။ မြန်မာနိုင်ငံသည် လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံဖြစ်ရာ မိမိနိုင်ငံနှင့်ပြည်သူများ၏ လူမှုစီးပွားဘဝလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်သကဲ့သို့ ယင်းလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ထိပါးနှောင့်ယှက် အကြမ်းဖက်ဖျက်ဆီးသူများ၊ ကြံစည်အားထုတ်လုပ်ကြံသူများကို တရားဥပဒေနှင့်အညီ အရေးယူခြင်းသည် နိုင်ငံကိုတာဝန်ယူဦးဆောင်နေသော အစိုးရတိုင်း၏ တာဝန်ပင်ဖြစ်သည်။ တည်ဆဲတရားဥပဒေကို ချိုးဖောက်သူများ၊ ရာဇဝတ်ပြစ်မှုကျူးလွန်သူများနှင့် အကြမ်းဖက်အဖျက်သမားများအား တရားဥပဒေအရ မြန်မာနိုင်ငံအစိုးရက အပြစ်ပေးအရေးယူခြင်းသည် မည်သည့် လူ့အခွင့်အရေးကိုမျှ ချိုးဖောက်ခြင်းမရှိသကဲ့သို့ ပြည်သူတို့၏ လွတ်လပ်ခွင့်ကို ပိတ်ပင်ဟန့်တားခြင်းလည်း မဟုတ်ပေ။ ယင်းတို့ကို နိုင်ငံရေးသမားများအဖြစ် ဆိုင်းဘုတ်တပ် အမည်ခံပြီး နိုင်ငံရေးအကျဉ်းသားများဟူ၍ ခေါ်ဆိုသမုတ် ပွဲထုတ်လျက် မြန်မာနိုင်ငံအစိုးရအား လုပ်ကြံစွပ်စွဲ ပုတ်ခတ်နေခြင်းသည် အမှန်တရားကို မျက်ကွယ်ပြုသကဲ့သို့ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို ထိပါးကျူးကျော်စွက်ဖက်ခြင်းလည်းဖြစ်သည်။ ရာဇဝတ်အကျဉ်းသားများနှင့် အကြမ်းဖက်သမားများကို အကာအကွယ်ပေးရာလည်း ရောက်သည်။

မည်သည့်နိုင်ငံအစိုးရမဆို နိုင်ငံတော်၏ တည်ဆဲတရားဥပဒေ၊ ရာဇဝတ်မှုဆိုင်ရာ ပြစ်မှုဥပဒေများအရ အရေးယူရာတွင် ငဖြူ၊ ငမဲ၊ ပုဂ္ဂိုလ်စွဲဖြင့် ခွဲခြား၍မရနိုင်သကဲ့သို့ အရပ်သားပြည်သူဟူ၍လည်းကောင်း၊ ပါတီနိုင်ငံရေးသမားဟူ၍လည်းကောင်း ခွဲခြားသတ်မှတ်ပြီး ဥပဒေနှစ်မျိုးထားပြီး အရေးယူသော အစဉ်အလာမရှိခဲ့ပေ။ တည်ဆဲတရားဥပဒေနှင့်ရာဇဝတ်ပြစ်မှုဥပဒေတို့ကို ချိုးဖောက်ကျူးလွန်လျှင်လည်းကောင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကိုပါ ပျက်ပြားစေရန် အကြမ်းဖက်ဖျက်ဆီးလုပ်ကြံလျှင်လည်းကောင်း တရားဥပဒေနှင့်အညီ ယင်း၏ အကျိုးဆက်တရားများအဖြစ် ပါတီဝင်နိုင်ငံရေးသမားဖြစ်စေ၊ သာမန်အရပ်သားပြည်သူဖြစ်စေ အပြစ်ပေး အရေးယူခြင်းခံရမည်ပင်ဖြစ်သည်။ ပါတီဝင်နိုင်ငံရေးသမားဖြစ်နေ၍ တရားဥပဒေက ကင်းလွတ်ခွင့်ပေး၍ မရနိုင်ပေ။

ရှင်းစွာဆိုရလျှင် မြန်မာနိုင်ငံအကျဉ်းထောင်များတွင် တရားဥပဒေ၊ ရာဇဝတ်ပြစ်မှုဥပဒေကို ချိုးဖောက်ကျူးလွန်ခဲ့သော နိုင်ငံရေးပါတီဝင် ရာဇဝတ်သားများသည်လည်းကောင်း၊ ပြည်သူတို့၏ တည်ငြိမ်အေးချမ်းသော လူနေမှုဘဝကို ထိတ်လန့်ချောက်ချားပျက်ပြားစေရန် အကြမ်းဖက်အဖျက်သမား နိုင်ငံရေးပါတီဝင်များသည်လည်းကောင်း ရှိနေပါသည်။ ယင်းတို့အား နိုင်ငံရေးအကျဉ်းသားများအဖြစ် သတ်မှတ်၍ရနိုင်မည်မဟုတ်ပါ။ အကြောင်းမူ ယင်းတို့၏ အမှုတွဲများကို လေ့လာပါက မိုင်းခွဲမှု၊ လက်နက်မှု၊ မတရားအသင်းများနှင့် ဆက်သွယ်မှု၊ နိုင်ငံတော်ပုန်ကန်မှု၊ မူးယစ်ဆေးဝါးမှု၊ ချဲမှု၊ လိမ်လည်မှု၊ လောင်းကစားမှု၊ ကိုယ်ဝန်ဖျက်ဆီးမှုကို အကာအကွယ်ပေးမှု၊ ပြည်သူပိုင်ပစ္စည်း အလွဲသုံးစားမှုစသော တည်ဆဲတရားဥပဒေနှင့် ရာဇဝတ်ပြစ်မှု ဥပဒေများကို ချိုးဖောက်ကျူးလွန်ခဲ့ကြသူများဖြစ်သည်။ ယင်းတို့ကို နိုင်ငံရေးအကျဉ်းသားများအဖြစ် ပုံဖော်ပြီး မြန်မာနိုင်ငံအစိုးရအား နိုင်ငံရေးအကျဉ်းသားများကို လွှတ်မပေးဟူ၍လည်းကောင်း၊ နိုင်ငံရေးအကျဉ်းသားများကို ဆက်လက်ဖမ်းဆီးထိန်းသိမ်းနေသည်ဟူ၍လည်းကောင်း သိက္ခာချ ပုတ်ခတ်စွပ်စွဲပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းရေးတွင် ပါဝင်စွက်ဖက်ရန် အားထုတ်လုပ်ကြံခြင်းသည် နိုင်ငံတကာ လိုက်နာရမည့်ကျင့်ဝတ်ကို သွေဖည်ဆန့်ကျင်ခြင်းဖြစ်သည်။ တရားဥပဒေကို ရိုသေလေးစား စောင့်ရှောက်မှုမရှိသည့် စည်းမဲ့ကမ်းမဲ့ တရားဥပဒေမဲ့ မင်းမဲ့ဝါဒီ အကြမ်းဖက်စရိုက်ဖြစ်သည်ဟု ဆိုရလိမ့်မည်။

ထို့ကြောင့်ပင် မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသား မရှိပါဟူ၍ ရဲရဲဆိုလိုက်ပါသည်။ ဤတွင် ဆိုရေးရှိလာ၍ ဆိုဖွယ်ရာစကားကို ရိုးသားစွာ ဆိုရပါမည်။ အမေရိကန်နိုင်ငံကဲ့သို့ ဒီမိုကရေစီနိုင်ငံကြီးတွင် ၂၀၀၁ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့က အကြမ်းဖက်အဖျက်သမားများ၏ အကြမ်းဖက်ဖျက်ဆီးမှုဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဆောက်အအုံနှင့် ပင်တဂွန်စစ်ဌာနချုပ်တို့မှာ ပျက်စီးဆုံးရှုံး ထိခိုက်သေကျေမှုများရှိခဲ့ရာ အမေရိကန်သမ္မတဂျော့ဘုရှ်က မည်သို့တုံ့ပြန်လက်စားချေပြီး သမိုင်းကြွေးဆပ်မည်ဟု ဒေါသတကြီး မည်သို့ကြိမ်းဝါးခဲ့ပါသနည်း။ အကြမ်းဖက်သမားများနှင့် ဆက်နွှယ်သည်ဟု ယူဆသော လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ နိုင်ငံများအား အမေရိကန်အစိုးရက မည်သို့အရေးယူ လက်တုံ့ပြန်ခဲ့ပါသနည်း။ မြန်မာနိုင်ငံအစိုးရအနေဖြင့်လည်း မြန်မာနိုင်ငံနှင့် မြန်မာပြည်သူတို့၏ တည်ငြိမ်အေးချမ်းမှုကို ထိတ်လန့်ချောက်ချား ထိပါးပျက်ပြားစေရန် မိုင်းခွဲဖျက်ဆီးလူသတ်သော အကြမ်းဖက်သမားများအား တရားဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူ အပြစ်ပေးသည်မှာ နိုင်ငံရေးသမားများကို ဖမ်းဆီးနှိပ်စက်သည်ဟု ဆိုကြမည်လား။ တရားဥပဒေအရ ကျခံစေခဲ့သော ပြစ်ဒဏ်မှ ခြွင်းချက်မရှိ လွှတ်ပေးရမည်လား။ ယင်းအကြမ်းဖက် အဖျက်သမားများကို အမေရိကန်အစိုးရက နိုင်ငံရေးအကျဉ်းသားအဖြစ် သတ်မှတ်ထားပါသလား၊ အမေရိကန်နိုင်ငံကို တိုက်ခိုက်ဖျက်ဆီးသူများသာလျှင် အကြမ်းဖက်သမားများဖြစ်ပြီး အခြားနိုင်ငံများအား တိုက်ခိုက်ဖျက်ဆီးသူများကို သက်ဆိုင်ရာနိုင်ငံက တရားဥပဒေအရ ဖမ်းဆီးအပြစ်ပေး အရေးယူပါက နိုင်ငံရေးအကျဉ်းသားများအဖြစ် အမေရိကန်အစိုးရက သတ်မှတ်ထားပါသလားဟု မေးခွန်းထုတ်ရပါလိမ့်မည်။

ထိုနည်းတူ မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားထိခိုက်စေရန် မြန်မာနိုင်ငံအတွင်း ဗုံးခွဲဖျက်ဆီးနေသူများသည်လည်းကောင်း၊ လေယာဉ်ပြန်ပေးဆွဲ အပိုင်စီးသူများသည်လည်းကောင်း၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးကို စီးနင်းတိုက်ခိုက်သူများသည်လည်းကောင်း၊ ယင်းတို့

အမေရိကန်အစိုးရသည် နိုင်ငံရေးအကျဉ်းသားဟူ၍ တစ်ဦးတစ်ယောက်မျှပင် မရှိသော မြန်မာနိုင်ငံအား နိုင်ငံရေးအကျဉ်းသားများကို ခြွင်းချက်မရှိ လွှတ်ပေးရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အဆိုမူကြမ်းတင်သွင်းနေသည်မှာ ပုဆိုးမရှိသူက လုံအောင်ထိုင်ခိုင်းနေခြင်း ဖြစ်၏။

...ဥ်းသား မရှိပါ

ကေတုနီလာ

ရှိနေပါသည်။
မှတ်၍ရနိုင်မည်
လေ့လာပါက
ပ်မှု၊ နိုင်ငံတော်
စားမှု၊ ကိုယ်ဝန်
အလွဲသုံးစားမှု
းကို ချိုးဖောက်
းသားများအဖြစ်
းကို လွှတ်မပေး
က်လက်ဖမ်းဆီး
စွပ်စွဲပြီး မြန်မာ
ပ်ကြံခြင်းသည်
ခြင်းဖြစ်သည်။
စည်းမဲ့ကမ်းမဲ့
ဆိုရလိမ့်မည်။
ား မရှိပါဟူ၍
းကို ရိုးသားစွာ
ွင် ၂၀၀၁ ခုနှစ်
၏ အကြမ်းဖက်
ဂွန်စစ်ဌာနချုပ်
မေရိကန်သမ္မတ
ကြွးဆပ်မည်ဟု
က်သမားများနှင့်
ား နိုင်ငံများအား
ပနည်း။ မြန်မာ
ကို့၏ တည်ငြိမ်
် မိုင်းခွဲဖျက်ဆီး
င့်အညီ ဖမ်းဆီး
နှိပ်စက်သည်ဟု
ဏ်မှ ခြွင်းချက်
က်သမားများကို
ထားပါသလား၊
ကြမ်းဖက်သမား
ကို သက်ဆိုင်ရာ
ါက နိုင်ငံရေး
ားပါသလားဟု

ျက်ပြားထိခိုက်
ုလည်းကောင်း၊
ိုင်းနိုင်ငံဆိုင်ရာ
ကာင်း၊ ယင်းတို့

...သား
...်အား
...ပေးရန်
...သွင်း
...ဖြစ်။

အားလုံးသည် တရားဥပဒေနှင့်အညီ ဖမ်းဆီးအပြစ်ပေး အရေးယူခံရမည့် အကြမ်းဖက် ရာဇဝတ်သားများဖြစ်သော်လည်း အမေရိကန်အစိုးရနှင့် ယင်း၏ဩဇာမကင်းရာ မကင်းကြောင်း အပေါင်းပါနိုင်ငံအချို့က ဒီမိုကရေစီလိုလားသူများအဖြစ် နေရာပေး လက်ခံကျွေးမွေးထောက်ပံ့ပြီး မြန်မာနိုင်ငံပျက်စီးရာပျက်စီးကြောင်း လုပ်ငန်းများတွင် ပြန်လည်အသုံးချနေသည်မှာလည်း မြန်မာနိုင်ငံနှင့် ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်ပျက်ပြားစေသော အဖျက်လုပ်ရပ်ပင် ဖြစ်သည်။

အကယ်မှု အမေရိကန်အစိုးရသည် ပုဆိုးမရှိသူက လုံအောင်ထိုင်ခိုင်းနေခြင်းနှင့် မည်သို့မျှ မခြားပေ၊ ကျူးဘားနိုင်ငံ၏ တောင်ဘက်ကမ်းရှိ အမေရိကန်စစ်စခန်းတွင် ဂွမ်တာနာမိုအကျဉ်းထောင်ထားရှိပြီး ယင်းအကျဉ်းထောင်တွင် မည်သည့်တရားဥပဒေဆိုင်ရာ ပုဒ်မနှင့် မည်သည့်ရာဇဝတ်ပြစ်မှုဆိုင်ရာ ပုဒ်မမျှ စွဲဆိုအရေးယူနိုင်ခြင်းမရှိသော အပြစ်မဲ့အာဖဂန်နစ္စတန်နိုင်ငံသားများနှင့် အီရတ်နိုင်ငံသားများအပါအဝင် အကျဉ်းသားများစွာကို ဖမ်းဆီးချုပ်နှောင် အကျဉ်းချထားခဲ့သည်။ တရားဥပဒေအရ မည်သို့မျှ တရားစွဲဆိုနိုင်ခြင်းမရှိသော ယင်းအကျဉ်းသားများသည် အကျဉ်းထောင်ဝန်ထမ်းများ၏ နှိပ်စက်ညှဉ်းပန်းမှုနှင့် စီအိုင်အေဝန်ထမ်းများ၏ ရိုက်နှက်စစ်ဆေးမှုများအပါအဝင် အထိုးအကြိတ် ကန်ကြောက်မှုများ၊ စီးကရက်မီးဖြင့် ခန္ဓာကိုယ်ကို ထိုးမှုများကို နေ့စဉ်နီးပါး ငရဲခန်းသဖွယ် ခံစားနေရသည်ကိုလည်း နိုင်ငံတကာသတင်းများတွင် တွေ့နေရသည်။

ယင်းအပြင် ဥရောပနိုင်ငံအချို့ရှိ အမေရိကန်အစိုးရ၏ အကျဉ်းထောင်များတွင်လည်း မည်သည့် တရားဥပဒေပုဒ်မနှင့်မျှ တရားစွဲဆိုခြင်း မပြုနိုင်သော အကျဉ်းသားများစွာ ရှိနေခဲ့သည်။ အမေရိကန်နိုင်ငံ အစိုးရ၏ ဂွမ်တာနာမို အကျဉ်းထောင်နှင့်ဥရောပရှိအကျဉ်းထောင်အချို့မှ အကျဉ်းသားများသည် နှစ်ရှည်လများ အကျဉ်းချထားခံရပြီး အကြမ်းဖက်သမားများ အမေရိကန်နိုင်ငံ၏ လုံခြုံရေးကိုထိခိုက်စေမည့်သူများဟူ၍ စွပ်စွဲထားသော်လည်း ယင်းစွပ်စွဲချက်များအား ခိုင်လုံပြည့်စုံသော အထောက်အထား သက်သေများဖြင့် တရားစွဲနိုင်ခြင်းမရှိပေ၊ ဤသည်မှာ အမေရိကန်အစိုးရ၏ လူသားချင်း စာနာထောက်ထားမှုမရှိသော လူ့အခွင့်အရေးချိုးဖောက်ခြင်းဖြစ်သည်ဟု ဆိုရန်မှတစ်ပါး အခြားဆိုဖွယ်ရာစကားမရှိတော့ပြီ။

ယင်းအခြေအနေနှင့် ဖြစ်ရပ်များအား မည်သို့မျှအငြင်းပွား၍ မရနိုင်ဘဲ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်တို့ကပင် အမေရိကန်တို့၏ ဂွမ်တာနာမို အကျဉ်းစခန်းကိုပိတ်ရန် တောင်းဆိုလာရသော အခြေအနေအထိ ဆိုက်ရောက်လာခဲ့သည်။ ထို့ကြောင့်ပင် **"အမေရိကန်အစိုးရသည် နိုင်ငံရေးအကျဉ်းသားဟူ၍ တစ်ဦးတစ်ယောက်မျှပင် မရှိသော မြန်မာနိုင်ငံအား နိုင်ငံရေးအကျဉ်းသားများကို ခြွင်းချက်မရှိ လွှတ်ပေးရန် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် အဆိုမူကြမ်းတင်သွင်းနေသည်မှာ ပုဆိုးမရှိသူက လုံအောင်ထိုင်ခိုင်းနေခြင်း ဖြစ်သည်"**ဟု ဆိုလိုက်ရပါသည်။

အလားတူပင် NLD ပါတီခေါင်းဆောင် ဒေါ်စုကြည်အား တားဆီးမိန့်ထုတ်ပြန်ပြီး တားဆီးကန့်သတ် ထိန်းသိမ်းရခြင်းသည် ဒေါ်စုကြည်အနေဖြင့် အမိန့်အာဏာဟူသမျှ ဆန့်ကျင်ကြဟူသော အာဏာဖီဆန်ရေး၊ ထိပ်တိုက် ရင်ဆိုင်ရေး၊ ဆူပူအုံကြွရေး၊ အလုံးစုံပျက်သုဉ်းရေးလမ်းစဉ်နှင့် အတူ ပိတ်လေးပိတ်ဖြင့် ပိတ်ဆို့ရေး၊ ပြည်ပအားကိုးရေးဟူသော သဘောထားမူဝါဒများကို ကိုင်စွဲပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပျက်ပြားစေရန်၊ နိုင်ငံတည်ငြိမ်အေးချမ်းမှုကို ထိခိုက်စေရန် ဖွံ့ဖြိုးတိုးတက်လာသော နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို ရပ်တန့်နှောင့်နှေး ပျက်စီးစေရန် စသော အဖျက်လုပ်ငန်းများကို ကျူးလွန်လုပ်ဆောင်နေသဖြင့် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ(၁၀/ခ)အရ ဥပဒေနှင့်အညီ နေအိမ်တွင် တားဆီးမိန့်ဖြင့် ထိန်းသိမ်းထားခြင်းဖြစ်သည်။

စင်စစ် ဒေါ်စုကြည်ကျူးလွန်ခဲ့သည်များကို တရားဥပဒေ၊ ရာဇဝတ်မှုဥပဒေများအရ အရေးယူမည်ဆိုပါက ပြင်းထန်သောအပြစ်ပေး အရေးယူမှုများဖြင့် ပြစ်ဒဏ်ကျခံရမည်ဖြစ်သည်။ ဒေါ်စုကြည်သည် ကျင်းပဆဲအမျိုးသားညီလာခံကို ပျက်စီးစေရန် NLD ပါတီ၏ ညီလာခံကိုယ်စားလှယ်များအား ညီလာခံကို ဆက်လက်တက်ရောက်ခြင်းမပြုဘဲ ဆန့်ကျင်ရန် ညွှန်ကြားခေါ်ယူခဲ့သည့်အပြင် အမျိုးသားညီလာခံ ပျက်စီးရာပျက်စီးကြောင်းကိုလည်း ဆန့်ကျင်ပုတ်ခတ်စွပ်စွဲမှုများဖြင့် ကျူးလွန်ခဲ့ရာ နိုင်ငံတော်က ထုတ်ပြန်ကြေညာခဲ့သော (၅/၉၆)ဥပဒေအရ ငြိစွန်းလျက်ရှိသည်။ ၁၉၈၈ ခုနှစ်မှ ၂၀၀၃ ခုနှစ်ကာလအတွင်း နိုင်ငံတော်နှင့်တပ်မတော်ကို ပြည်သူများက အယုံအကြည်မဲ့စေရန် ပုတ်ခတ်စွပ်စွဲခဲ့သည်။ ပြည်ပရှိ ပြည်ပြေးဝရမ်းပြေး၊ အကြမ်းဖက်အုပ်စုနှင့် ဆက်သွယ်ပြီး ယင်းတို့၏အဆက်အသွယ်ဖြင့် ပြည်ပသူလျှိုအဖွဲ့အစည်းက မြန်မာနိုင်ငံသို့လာရောက်ပြီး တိတ်တဆိတ် ထောက်ပံ့ပေးကမ်းသော အမေရိကန်ဒေါ်လာ ၈၅၀၀၀ကို လက်ခံရယူခဲ့သည်။ နယ်စပ်တွင် ခိုအောင်းနေသော သောင်းကျန်းသူရန်ပုံငွေကောက်ခံရာတွင် အသုံးပြုရန် တိုင်းရင်းသူဝတ်စုံ ဝတ်ဆင်ထားသည့် ယင်း၏ဓာတ်ပုံကို ရိုက်ကူးပေးပို့ခဲ့သည်။ သောင်းကျန်းသူ ABSDF အဖွဲ့မှ အဖွဲ့ဝင်အချို့ကို ယင်း၏နေအိမ်တွင် ခိုအောင်းခွင့်ပြုပြီး ကျွေးမွေးပေးကမ်းထောက်ပံ့ခြင်း၊ အားပေးကူညီခြင်းတို့ကို ကျူးလွန်ခဲ့သည်။ ပြည်ပမှ အကြောင်းအရာအစုံစုံ၊ အမျိုးအမည်အဖုံဖုံဖြင့် ပေးကမ်းထောက်ပံ့သော ဆုကြေး၊ ဘွဲ့ကြေးများနှင့်ပြည်ပစာနယ်ဇင်းတွင် ရေးသားခဲ့သော ဆောင်းပါးစာမူခများအား မြန်မာနိုင်ငံတွင် ယူဆောင်သုံးစွဲခြင်းမရှိဘဲ ပြည်ပရှိ ယင်း၏မိသားစုများအား လက်ခံသုံးစွဲစေခြင်းဖြင့် နိုင်ငံတော်၏ အခွန်စည်းကြပ်မှုဥပဒေအရ နိုင်ငံတော်သို့ ပေးဆောင်ရမည့် အခွန်ဥပဒေကို တိမ်းရှောင်ခြင်းဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ဒေါ်စုကြည်၏ ဥပဒေဖောက်ဖျက်မှုများအား ပြစ်မှုဆိုင်ရာဥပဒေအတိုင်း အပြစ်ပေးအရေးယူခြင်းမရှိဘဲ အမျိုးသားခေါင်းဆောင်ကြီး၏သမီးအဖြစ်လည်းကောင်း၊ တပ်မတော်၏ မိသားစုဝင် မောင်နှမသားချင်းအဖြစ်လည်းကောင်း သက်ညှာထောက်ထားစွာ တားဆီးမိန့်ထုတ်ပြီး အရေးယူခဲ့ခြင်းဖြစ်သည်။ အကယ်၍ ဒေါ်စုကြည် ကျူးလွန်ချိုးဖောက်ခဲ့သည်များကို တရားဥပဒေနှင့် ပြစ်မှုဆိုင်ရာ ဥပဒေများအရ အပြစ် ပေးအရေးယူခဲ့ပါက ဒေါ်စုကြည်၏ တစ်သက်တွင် အကျဉ်းထောင်က ထွက်ရမည်မဟုတ်ပေ။ ဤမျှအထိ နိုင်ငံတော်အစိုးရက သက်ညှာထောက်ထားစွာ အရေးယူခြင်းကိုပင် အပြစ်မဲ့မတရားဖမ်းဆီး ထိန်းသိမ်းထားသကဲ့သို့ စွပ်စွဲပုတ်ခတ်ပြီး ခြွင်းချက်မရှိ လွှတ်ပေးရမည်ဟု အမေရိကန်အစိုးရက လုံခြုံရေးကောင်စီတွင် အဆိုမူကြမ်းဖြင့် တောင်းဆိုနေသည်မှာလည်း တရားဥပဒေဆိုင်ရာ ကျင့်ဝတ်ကျင့်ထုံးကို နားမလည်သကဲ့သို့ ဖြစ်သည်။

မည်သို့ဆိုစေ မြန်မာနိုင်ငံသည် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် အသွင်ကူးပြောင်းကာလကို ဖြတ်သန်းနေသော နိုင်ငံတစ်နိုင်ငံဖြစ်၍လည်း နိုင်ငံရေး၊ စီမံခန့်ခွဲရေး၊ တရားရေးနယ်ပယ်များနှင့် ပြည်သူ့ဘဝနယ်ပယ်များတွင် ဒီမိုကရေစီအလေ့အကျင့်များကို စတင်အခြေချလျက်ရှိသကဲ့သို့ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးတွင် အခြေခံအကျဆုံးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရန် အမျိုးသားညီလာခံကို နိုင်ငံရေးပါတီ ကိုယ်စားလှယ်များ၊ အရွေးချယ်ခံ ကိုယ်စားလှယ်များ၊ တိုင်းရင်းသား ကိုယ်စားလှယ်များနှင့် လူထုလူတန်းစား အလွှာစုံကိုယ်စားလှယ်များဖြင့် ညှိနှိုင်းဆွေးနွေးပြီး အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်လျက်ရှိသည်။

နိုင်ငံရေးနယ်ပယ်တွင် နိုင်ငံရေးပါတီများအား နိုင်ငံရေးပါတီများ မှတ်ပုံတင် ဥပဒေနှင့်အညီ တရားဝင် ဖွဲ့စည်း စည်းရုံးခွင့်ပြုထားပြီးဖြစ်သည်။ စီမံခန့်ခွဲရေးနယ်ပယ်တွင် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ ဖွဲ့စည်းပြီး စုပေါင်းဆွေးနွေး၊ စုပေါင်းဆုံးဖြတ်၊ စုပေါင်းတာဝန်ယူခေါင်းဆောင်ပြီး၊ စီမံခန့်ခွဲစေခဲ့သည်။ တရားရေးနယ်ပယ်တွင် မြို့နယ်၊ ခရိုင်၊ တိုင်းတရားရုံးများမှ တရားရုံးချုပ်အထိ လွတ်လပ်စွာ တရားစီရင်ခွင့်ပြုထားခဲ့သည်။ ပြည်သူ့ဘဝနယ်ပယ်တွင်လည်း စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး၊ မြန်မာနိုင်ငံရိုးရာ ပန်းပညာရှင်များအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်း၊ မြန်မာနိုင်ငံအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများ အပါအဝင် စီးပွားကုန်သွယ်အဖွဲ့အစည်းများ၊ ကုန်ထုတ်လုပ်မှုဆိုင်ရာ အဖွဲ့အစည်းများ စသော အသက်မွေးမှုလုပ်ငန်းအလိုက်၊ လူမှုရေးလုပ်ငန်းအလိုက်၊ အလွှာအသီးသီး၏ အဖွဲ့အစည်းများသည်လည်း လွတ်လပ်စွာ ဖွဲ့စည်းလှုပ်ရှားစည်းရုံးခွင့်ရှိကြပြီး ဖြစ်သည်။

ယင်းအခြေအနေနှင့် အခွင့်အလမ်းများသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလ၏ လွတ်လပ်စွာ ဖော်ပြခွင့်၊ စုရုံးခွင့်၊ လှုပ်ရှားခွင့်များကို နိုင်ငံတော်၏ ပကတိအခြေအနေနှင့်လျော်ညီစွာ၊ ခွင့်ပြုထားသည်ကို သိသာထင်ရှားစေနိုင်သည်။ အမှန်အားဖြင့် မြန်မာနိုင်ငံသည် ဒီမိုကရေစီနိုင်ငံတော်အဖြစ်သို့မရောက်ရှိသေးပါ။ ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နယ်ပယ်များတွင် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို ကြိုးပမ်းအကောင်အထည်ဖော်နေသော နိုင်ငံဖြစ်သည်။ ထို့ကြောင့်ပင် ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံ၏ အင်္ဂါရပ်များ ပြည့်စုံခြင်း မရှိသေးသည်မှာ သဘာဝကျသော ပကတိတရားဖြစ်သည်။ ဒီမိုကရေစီနိုင်ငံ၏ ကြန်အင်လက္ခဏာများပြည့်စုံရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖြစ်တည်ဖွဲ့စည်းလာသော ဒီမိုကရေစီနိုင်ငံတစ်ရပ်ပေါ်ထွန်းလာရေးသည် အခြေခံကျသော လိုအပ်ချက်ဖြစ်သည်။

ယင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် မြန်မာနိုင်ငံအစိုးရနှင့် မြန်မာပြည်သူတို့သည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီလမ်းပြမြေပုံဖြစ်သော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ **ဤသည်တို့မှာ မြန်မာနိုင်ငံ၏ ပကတိဖြစ်ထွန်းနေသော အရှိတရားများဖြစ်ရာ ယင်းအရှိတရားများကို မျက်ကွယ်ပြုငြင်းဆန်ပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားအားလုံးကို ခြွင်းချက်မရှိ လွှတ်ပေးခြင်းဖြင့် လွတ်လပ်စွာ ဖော်ပြခွင့်၊ စုရုံးခွင့်၊ လှုပ်ရှားခွင့်များကို အပြည့်အဝ ခွင့်ပြုကြောင်း၊ သိသာထင်ရှားသည့် ဆောင်ရွက်ချက်များပြုလုပ်ရန် မြန်မာအစိုးရကို တိုက်တွန်းကြောင်းဟူသော လုံခြုံရေးကောင်စီတွင် အမေရိကန်အစိုးရက အဆိုပြုခြင်းသည် မြန်မာနိုင်ငံတွင် ဩဇာခံရုပ်သေးအစိုးရ ဖွဲ့စည်းနိုင်ရေးနှင့် လက်ဝေခံနိုင်ငံအဖြစ် သိမ်းသွင်းတည်ထောင်ရေးမှတစ်ပါး အခြားမရှိပေ။**

ချုပ်၍ဆိုပါတော့မည်။ မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားဟူ၍ တစ်ဦးတစ်ယောက်မျှ မရှိသကဲ့သို့ မြန်မာနိုင်ငံသည် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံ တည်ဆောက်နေသော နိုင်ငံဖြစ်သည်နှင့်အညီ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလဖြစ်သော မျက်မှောက်မြန်မာနိုင်ငံ၏သမိုင်းခေတ်တွင် လွတ်လပ်စွာ ဖော်ပြခွင့်၊ စုရုံးခွင့်၊ လှုပ်ရှားခွင့်များအား နိုင်ငံတော်လုံခြုံရေးနှင့် နိုင်ငံတော်အကျိုးစီးပွားကို ထိခိုက်ခြင်းမရှိပါက လိုက်လျောညီစွာ၊ လေ့ကျင့်ခွင့်ပြုလျက်ရှိပြီးဖြစ်သည်မှာ သိသာထင်ရှားသည့် ဆောင်ရွက်ချက်များ ဖြစ်သည်ဟူ၍ ရဲရဲဆိုလိုက်ပါသည်။ ။

နိုင်ငံတော်အစိုးရအနေဖြင့် ဒေါ်စုကြည်၏ ဥပဒေဖောက်ဖျက်မှုများအား ပြစ်မှုဆိုင်ရာ ဥပဒေအတိုင်း အပြစ်ပေး အရေးယူခြင်းမရှိဘဲ အမျိုးသားခေါင်းဆောင်ကြီး၏ သမီးအဖြစ် လည်းကောင်း၊ တပ်မတော်၏မိသားစုဝင် မောင်နှမသားချင်းအဖြစ်လည်းကောင်း သက်ညှာ ထောက်ထားစွာ တားဆီးမိန့်ထုတ်ပြီး အရေးယူခဲ့ခြင်းဖြစ်။

ဒေါ်စုကြည် ကျူးလွန်ချိုးဖောက်ခဲ့သည်များကို တရားဥပဒေနှင့် ပြစ်မှုဆိုင်ရာဥပဒေများ အရ အပြစ်ပေးအရေးယူခဲ့ပါက ဒေါ်စုကြည်၏တစ်သက်တွင် အကျဉ်းထောင်က ထွက်ရမည်မဟုတ်။

နိုင်ငံတော်အစိုးရက သက်ညှာထောက်ထားစွာ အရေးယူခြင်းကိုပင် အပြစ်မဲ့မတရား ဖမ်းဆီး ထိန်းသိမ်းထားသကဲ့သို့ စွပ်စွဲပုတ်ခတ်ပြီး ခြွင်းချက်မရှိလွှတ်ပေးရမည်ဟု အမေရိကန် အစိုးရက လုံခြုံရေးကောင်စီတွင် အဆိုမူကြမ်းဖြင့် တောင်းဆိုနေသည်မှာလည်း တရားဥပဒေ ဆိုင်ရာ ကျင့်ဝတ်ကျင့်ထုံးကို နားမလည်သကဲ့သို့ ဖြစ်။

အမေရိကန်နှင့် ဗြိတိန်တို့၏ မြန်မာနိုင်ငံအပေါ် မမှန်မကန်လုပ်ကြံစွပ်စွဲမှုများနှင့် မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်၊ ဖြစ်ရပ်မှန်များကို နှိုင်းယှဉ်လေ့လာခြင်း(၂)

စာဖတ်သူတစ်ဦး

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခဲ့ရာတွင် မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ မမှန်ကန်သော အကြောင်းပြစွပ်စွဲမှုများပြုလုပ်ခဲ့သော်လည်း ၎င်းတို့၏ အကြောင်းပြစွပ်စွဲမှုများသည် မဟုတ်မမှန် လုပ်ကြံဖန်တီးမှုများသာဖြစ်ကြောင်းကို မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်၊ ဖြစ်ရပ်မှန်များနှင့် နှိုင်းယှဉ်ချိန်ထိုးကြည့်လျှင်သိရှိနိုင်–

အမေရိကန်အစိုးရနဲ့ ဗြိတိန်အစိုးရတို့က မြန်မာနိုင်ငံအပေါ် လုံခြုံရေးကောင်စီမှ အရေးယူဆောင်ရွက်နိုင်ရေးအတွက် ဇန်နဝါရီလ ၁၁ ရက်မှာ တင်သွင်းခဲ့တဲ့ ဆုံးဖြတ်ချက် (Resolution)မူကြမ်းထဲမှာ မြန်မာနိုင်ငံနဲ့စပ်လျဉ်းပြီး မမှန်ကန်သော အကြောင်းပြစွပ်စွဲမှုတွေ ပြုလုပ်ဖော်ပြခဲ့ပါတယ်။

အဲဒီအထဲက အကြောင်းပြစွပ်စွဲမှုတစ်ခုကတော့ "မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်နေသည့် မူးယစ်ဆေးဝါးနှင့် လူမှောင်ခိုမှု၊ ကြက်ငှက်တုပ်ကွေး၊ HIV၊ AIDS ကိစ္စများသည် နိုင်ငံနယ်နိမိတ်ကို ကျော်လွန်၍ အန္တရာယ်ဖြစ်ပေါ်လာနိုင်စေသည်"လို့ ဆိုထားတာပဲဖြစ်ပါတယ်။

၎င်းတို့ မမှန်မကန်အကြောင်းပြစွပ်စွဲနေတဲ့ မူးယစ်ဆေးဝါးကိစ္စနဲ့စပ်လျဉ်းပြီး မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေမှန်များ၊ ဖြစ်ရပ်မှန်များနဲ့ နှိုင်းယှဉ်လေ့လာနိုင်ဖို့ ဖော်ပြခဲ့ပြီးဖြစ်ပါတယ်။ အခုဆက်လက်ပြီး အမေရိကန်နဲ့ ဗြိတိန်တို့ မမှန်မကန်အကြောင်းပြစွပ်စွဲနေတဲ့ HIV၊ AIDS ကိစ္စနဲ့စပ်လျဉ်းပြီး ပကတိအခြေအနေမှန်၊ ဖြစ်ရပ်မှန်များ၊ မြန်မာနိုင်ငံရဲ့ ကြိုးပမ်းအားထုတ်လုပ်ဆောင်မှုများကို နှိုင်းယှဉ်လေ့လာသိရှိနိုင်ဖို့ မှတ်တမ်းပြု ဖော်ပြလိုက်ရပါတယ်။

စဉ်	အမေရိကန်နှင့်ဗြိတိန်တို့၏ မမှန်မကန်လုပ်ကြံစွပ်စွဲမှု	မြန်မာနိုင်ငံ၏ပကတိအခြေအနေမှန်များနှင့် ဖြစ်ရပ်မှန်များ
၂။	မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်နေသည့် မူးယစ်ဆေးဝါးနှင့် လူမှောင်ခိုမှု၊ ကြက်ငှက်တုပ်ကွေး၊ HIV၊ AIDS ကိစ္စများသည် နိုင်ငံနယ်နိမိတ်ကို ကျော်လွန်၍ အန္တရာယ်ဖြစ်ပေါ်လာနိုင်စေသည်။	**ခုခံအားကျဆင်းမှုကူးစက်ရောဂါ HIV၊ AIDS ကိစ္စ။** * နိုင်ငံတော်က တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး လူမှုရေးဦးတည်ချက်ကို ချမှတ်ဖော်ဆောင်လျက်ရှိသည်။ * ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားကျန်းမာရေးမူဝါဒများနှင့်အညီ အားပေးမြှင့်တင်ဆောင်ရွက်နေသည်။ * နိုင်ငံသားတိုင်း သက်တမ်းစေ့အသက်ရှည်စွာနေနိုင်ရေး၊ လူတိုင်း ရောဂါဘယကင်းရှင်းရေး ရည်မှန်းချက်(၂)ရပ်ဖြင့် တစ်နိုင်ငံလုံး ကျန်းမာရေးစောင့်ရှောက်မှုလွှမ်းခြုံပေးလျက်ရှိသည်။ * ကျန်းမာရေးဝန်ကြီးဌာနက "မြန်မာ့ကျန်းမာရေးဆိုင်ရာမျှော်မှန်းချက်" နှစ်(၃၀) နှစ်ရှည်ကျန်းမာရေးစီမံကိန်း (၂၀၀၁-၂၀၃၀)ရေးဆွဲဖော်ဆောင်လျက်ရှိသည်။ * အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၀၆-၂၀၁၁)ကို စီမံချက်ကြီး ၁၂ ခု၊ လုပ်ငန်းစီမံချက် ၆၆ ခုဖြင့် ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည်။ * ကျန်းမာရေးဆိုင်ရာ အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်း (၂၀၀၁-၂၀၀၄)ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ * လူဦးရေအများစုနေထိုင်ရာ ကျေးလက်ဒေသ ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းနှင့်အညီ ကျေးလက်ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (၂၀၀၁-၂၀၀၆)ကိုလည်း အကောင်အထည်ဖော်ခဲ့သည်။ * ခုခံအားကျဆင်းမှု ကူးစက်ရောဂါ HIV၊ AIDSသည် ပြည်သူလူထု၏ လူမှုစီးပွားရေးဘဝနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေနိုင်သဖြင့် အဓိကဦးစားပေး တိုက်ဖျက်လျက်ရှိသည်။ * ၁၉၈၅ ခုနှစ်မှစတင်ပြီး ရောဂါကာကွယ်တားဆီးရေးလုပ်ငန်းများအတွက် လေ့လာမှုများဆောင်ရွက်ခဲ့သည်။ * ၁၉၈၉ ခုနှစ်တွင် အမျိုးသားကျန်းမာရေးကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါကာကွယ်တားဆီးရေးနှင့် တိုက်ဖျက်ရေးဗဟိုအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ * ကျန်းမာရေးဦးစီးဌာန ရောဂါနှိမ်နင်းရေးဌာနခွဲအောက်တွင် ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးစီမံချက် ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ * ၁၉၉၂ ခုနှစ်တွင် HIV ပိုး ကူးစက်ပြန့်ပွားမှုအခြေအနေကို စနစ်တကျလေ့လာသည့်လုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့သည်။ * ၂၀၀၀ ပြည့်နှစ်မှစတင်၍ မိခင်မှကလေးသို့ HIV ပိုး ကူးစက်မှုကာကွယ်ရေးလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့သည်။ * ၂၀၀၁ ခုနှစ်မှစတင်၍ ဦးတည်အုပ်စုများ၌ ရာနှုန်းပြည့် ကွန်ဒုံးသုံးစွဲရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့သည်။ * ၂၀၀၃ နှင့် ၂၀၀၄ ခုနှစ်တို့တွင် နိုင်ငံတော်အဆင့် ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးဆိုင်ရာ လှုပ်ရှားမှုပြပွဲများကို ခင်းကျင်းပြသနိုင်ခဲ့သည်။ **(အရှေ့တောင်အာရှနိုင်ငံများအတွင်း ထူးခြားစွာဆောင်ရွက်နိုင်ခြင်းဖြစ်သည်။)** * ၂၀၀၄ ခုနှစ်တွင် ပိုးမွှားကင်းစင်သောသွေးရရှိစေရေးအတွက် တစ်နိုင်ငံလုံး လွှမ်းခြုံဆောင်ရွက်နိုင်ခဲ့သည်။ * ၂၀၀၄ ခုနှစ် စက်တင်ဘာလတွင် UNAIDS၊ WHO တို့မှ ကျွမ်းကျင်သူများနှင့် ပူးပေါင်းကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲ၏ ခန့်မှန်းတွက်ချက်မှုအရ မြန်မာနိုင်ငံတွင် HIV ပိုး ကူးစက်ခံထားရသူနှင့် AIDS ဝေဒနာခံစားနေရသူ ၃၃၈၉၁၁ ဦးရှိကြောင်း သိရသည်။ * ၂၀၀၅ ခုနှစ်တွင် ဗိုင်းရပ်စ်ပိုး ပွားများမှုကို ဟန့်တားစေသည့်လုပ်ငန်းကို စတင်ဆောင်ရွက်နိုင်ခဲ့သည်။ * ၂၀၀၅ ခုနှစ် စက်တင်ဘာလတွင် UNAIDS၊ WHO တို့မှ ကျွမ်းကျင်သူများနှင့် ပူးပေါင်းကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲရလဒ်အရ မြန်မာနိုင်ငံ၌ ၂၀၀၀ ပြည့်နှစ်တွင် HIV ဖြစ်ပွားမှုနှုန်း ၁ ဒသမ ၅ ရာခိုင်နှုန်းရှိရာမှ ၂၀၀၅ ခုနှစ်၌ ၁ ဒသမ ၃ ရာခိုင်နှုန်းသို့ လျော့ကျခဲ့ကြောင်းသိရသည်။ * ၂၀၀၆ ခုနှစ်တွင် ရောဂါကာကွယ်တားဆီးရေးနှင့် တိုက်ဖျက်ရေးအတွက် လုပ်ငန်းဆောင်ရွက်ချက်များကို ပြင်ပမှ ကျွမ်းကျင်သူပညာရှင်များဖြင့် လေ့လာဆန်းစစ်မှုပြုလုပ်ခဲ့သည်။ * ဆက်လက်၍ ခုခံအားကျဆင်းမှုကူးစက်ရောဂါပပျောက်ရေးအတွက် ဘက်စုံကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ရေးစီမံချက် National Strategic Plan(2006-2010) ရေးဆွဲဆောင်ရွက်လျက်ရှိသည်။ * HIV၊ AIDS၊ ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်ကို အဓိကလုပ်ငန်းစဉ်ကြီး(၁၀)ရပ်ဖြင့် ချမှတ်ဆောင်ရွက်နေသည်။ * ပညာပေးအစီအစဉ်များကို ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်းနှင့် နိုင်ငံတကာလူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်းပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အောင်မြင်စွာ ဆောင်ရွက်လျက်ရှိသည်။ * စာသင်ကျောင်းအားလုံးတွင် ဘဝတွက်တာ ကျွမ်းကျင်စရာသင်ရိုးအဖြစ် HIV၊ AIDSပညာပေးသင်ခန်းစာများ သင်ကြားလျက်ရှိသည်။ * ၁၉၈၈ ခုနှစ်မတိုင်မီက ဦးတည်အုပ်စုများတွင် ရာနှုန်းပြည့် ကွန်ဒုံးအသုံးပြုရေးစီမံချက်မရှိခဲ့သော်လည်း ယခုအခါ မြို့နယ်ပေါင်း ၁၆၅ မြို့နယ်တွင် စီမံချက်လုပ်ငန်းများ ဆောင်ရွက်နေသည်။ * မူးယစ်ဆေးဝါးသုံးစွဲမှုမှတစ်ဆင့် HIV၊ AIDS ကူးစက်ပြန့်ပွားမှုကာကွယ်ရေးကို မူးယစ်(ဗဟို)၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း၊ UNODC တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ * မိခင်မှ ကလေးသို့ HIV ကူးစက်မှုတားဆီးရေးအစီအစဉ်ကို ပြည်သူလူထုအခြေပြု မြို့နယ် ၁၉ မြို့နယ်နှင့် ဆေးရုံအခြေပြု ဆေးရုံကြီး ၃၇ ရုံတို့တွင် ဆောင်ရွက်လျက်ရှိသည်။ * ပိုးမွှားကင်းစင်သော သွေးရရှိစေရေးအတွက် မြို့နယ်ပေါင်း ၃၂၄ မြို့နယ်တွင် HIV Test Kit များ ဖြန့်ဖြူးအသုံးပြုလျက်ရှိသည်။ * ရောဂါကူးစက်ခံထားရသည့် ဝေဒနာရှင်များနှင့် မိသားစုဝင်များအား နှစ်သိမ့်ဆွေးနွေး ပညာပေးခြင်း၊ ART ဆေးတိုက်ကျွေးခြင်း၊ အိမ်တွင်းပြုစုစောင့်ရှောက်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။ * ARTဆေးတိုက်ကျွေးမှုကို ရန်ကုန်မြို့ ဝေဘာဂီအထူးကုဆေးရုံကြီး၊ မင်္ဂလာဒုံ အထူးကုဆေးရုံကြီးအပါအဝင် ပြည်နယ်၊ တိုင်း ဆေးရုံကြီးများတွင် ဆောင်ရွက်ပေးလျက်ရှိသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

စာမျက်နှာ ၁၀ မှ

စဉ်	အမေရိကန်နှင့်ဗြိတိန်တို့၏ မမှန်မကန် လုပ်ကြံစွပ်စွဲမှု	မြန်မာနိုင်ငံ၏ပကတိအခြေအနေမှန်များနှင့် ဖြစ်ရပ်မှန်များ
၂။	မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်နေသည့် မူးယစ်ဆေးဝါးနှင့်လူမှောင်ခိုမှု၊ ကြက်ငှက်တုပ်ကွေး၊ HIV၊ AIDS ကိစ္စများသည် နိုင်ငံနယ်နိမိတ်ကို ကျော်လွန်၍ အန္တရာယ်ဖြစ်ပေါ်လာနိုင်စေသည်။	* ခုခံအားကျဆင်းမှု ကူးစက်ရောဂါကာကွယ်တားဆီးမှု တိုက်ဖျက်ရေးလုပ်ငန်းများကို ဝန်ကြီးဌာနများ၊ ပြည်တွင်း လူမှုရေးအသင်းအဖွဲ့ ၁၇ ဖွဲ့၊ နိုင်ငံတကာ လူမှုရေးအသင်းအဖွဲ့ ၁၉ ဖွဲ့၊ နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ တစ်ဖွဲ့နှင့် ကုလသမဂ္ဂအဖွဲ့အစည်း ခုနစ်ဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်သည်။ * ဒေသဆိုင်ရာနှင့် နိုင်ငံတကာဆိုင်ရာ ရောဂါကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်လျက်ရှိသည်။ * မြန်မာ–ထိုင်း နယ်စပ်ဒေသများရှိ မြို့နယ် ၁၆ ခုတွင် ရောဂါကာကွယ်တားဆီးရေးလုပ်ငန်းများကို ၂၀၀၀ ပြည့်နှစ်မှစတင်၍ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ * မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် AIDS၊ တီဘီနှင့် ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်ရန် Global Fund က အမေရိကန်ဒေါ်လာ ၉၈ ဒသမ ၄ သန်း ထောက်ပံ့ကူညီမည်ဟု ခွင့်ပြုခဲ့သည်။ * သို့ရာတွင် ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှုကြောင့် ၂၀၀၅ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့တွင် ကြောင်းကျိုးခိုင်လုံမှုမရှိသော အကြောင်းပြချက်များဖြင့် Global Fund ရန်ပုံငွေကို တစ်ဖက်သတ်ရပ်ဆိုင်းခဲ့သည်။ * ဤသို့ တစ်ဖက်သတ်ရပ်ဆိုင်းလိုက်ခြင်းသည် ပြည်သူလူထုကို များစွာထိခိုက်နစ်နာစေပြီး ကမ္ဘာ့ကုလသမဂ္ဂ၏ ထောင်စုနှစ်ဖွံ့ဖြိုးရေး ကြေညာစာတမ်းပါ တန်ဖိုးထားမှုများ၊ မူများနှင့်ပါ ဆန့်ကျင်နေသည်။ * မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုကို အသိအမှတ်ပြု နားလည်သဘောပေါက်သဖြင့် ပူးပေါင်းကူညီလိုသည့် ခြောက်နိုင်ငံမှ အလှူရှင်များက ရောဂါသုံးမျိုးအတွက် ရန်ပုံငွေ (Three Disease Fund)ထူထောင်ပြီး အကူအညီပေးရန် ဆွေးနွေးညှိနှိုင်းလာသည်။ * အဆိုပါရန်ပုံငွေဖြင့် ရောဂါကြီးသုံးမျိုးအတွက် ရေးဆွဲထားသည့် အမျိုးသား မဟာဗျူဟာစီမံကိန်းများအရ ဖော်ဆောင်မည့်လုပ်ငန်းများကို ထောက်ပံ့ပေးသွားမည်ဖြစ်သည်။ * လုပ်ငန်းများအကောင်အထည်ဖော်ရန် ငါးနှစ်တာကာလအတွက် အမေရိကန်ဒေါ်လာ ၉ ဒသမ ၅ သန်း အကူအညီပေးမည့် MoU ကို ၁၂–၁၀–၂၀၀၆ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။ * WHO နှင့် UNAIDS တို့ ပူးတွဲထုတ်ပြန်သည့် AIDS Epidemic Update, December 2006 အရ မြန်မာနိုင်ငံတွင် HIV၊ AIDS ကူးစက်ဖြစ်ပွားမှုနှုန်း ကျဆင်းလာနေသည့် အထောက်အထားများ တွေ့ရှိရကြောင်း ဖော်ပြထားသည်။ * ကိုယ်ဝန်ဆောင်မိခင်များအတွင်း ဖြစ်ပွားမှုနှုန်းသည် ၂၀၀၀ ပြည့်နှစ်တွင် ၂ ဒသမ ၂ ရာခိုင်နှုန်းရှိရာမှ ယခုအခါ ၁ ဒသမ ၃ ရာခိုင်နှုန်းကို လျော့နည်းကျဆင်းသွားကြောင်း ဖော်ပြထားသည်။ * အမျိုးသား ကာလသားရောဂါဝေဒနာရှင်များအတွင်း ဖြစ်ပွားမှုနှုန်းသည် ၂၀၀၁ ခုနှစ်တွင် ၈ ရာခိုင်နှုန်းရှိရာမှ ၂၀၀၅ ခုနှစ်တွင် ၄ ရာခိုင်နှုန်းသို့ လျော့နည်းကျဆင်းသွားကြောင်း ဖော်ပြထားသည်။ * ယင်းကဲ့သို့ အောင်မြင်မှုများရရှိနေခြင်းသည် နိုင်ငံတော်နှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ မိတ်ဖက်စေတနာရှင်များ လူမှုရေးအသင်းအဖွဲ့များ၏ လက်တွဲ ပူးပေါင်းကြိုးပမ်းဆောင်ရွက်မှုများကြောင့်ဖြစ်သည်။ **(မည်သည့်ဆန့်ကျင်ဘက် ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၏ ကူညီလုပ်ဆောင်မှုကြောင့်မဟုတ်ပေ။)**

(ဖော်ပြပါ နှိုင်းယှဉ်လေ့လာချက်ကိုကြည့်ရှုရုံဖြင့် မြန်မာနိုင်ငံအပေါ် HIV၊ AIDS ကိစ္စနဲ့ပတ်သက်ပြီး အမေရိကန်နဲ့ ဗြိတိန်တို့က မမှန်မကန်လုပ်ကြံစွပ်စွဲနေတာဖြစ်ကြောင်း ပေါ်လွင်ထင်ရှားစွာ တွေ့ရှိရမှာဖြစ်ပါတယ်။ ဆက်လက်ပြီး ၎င်းတို့ရဲ့ အခြားလုပ်ကြံစွပ်စွဲချက်များ မှန်ကန်မှုမရှိကြောင်းကိုလည်း မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေမှန်များ၊ ဖြစ်ရပ်မှန်များ၊ အားထုတ်ကြိုးပမ်းလုပ်ဆောင်မှုများနဲ့ နှိုင်းယှဉ်ဖော်ပြသွားမှာဖြစ်ပါတယ်။)

ကိုးမိုင်မဟာစည် သာသနာ့ရိပ်သာ ဩဝါဒပါတိမောက် အခါတော်နေ့ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၆

ရန်ကုန်မြို့ ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဩဝါဒပါတိမောက်အခါတော်နေ့ကို ကျင်းပမည်ဖြစ်ရာ ၁၃၆၈ ခုနှစ် တပို့တွဲလပြည့်နေ့ (ဖေဖော်ဝါရီ ၁ ရက်) ကြာသပတေးနေ့တွင် ဟိတေသီအဖွဲ့ဝင် ယောဂီများနှင့် ဓမ္မမိတ်ဆွေများ၊ အလှူရှင်များ ပါဝင်လှူဒါန်း တက်ရောက်ဆင်နွဲကြပါရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

ဆေးတက္ကသိုလ်(၁) ရန်ကုန် (၁၉၈၄–၉၀)ကျောင်းသား ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၁၃ ရက်က ဗဟန်းမြို့နယ် နတ်မောက်လမ်း မြေပဒေသာကျွန်းရှိ Dolphin စားသောက်ဆိုင်၌ကျင်းပရာ ကျောင်းသား ကျောင်းသူဟောင်းများက အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများအား ငွေနှင့် ပစ္စည်းများပေးအပ်၍ ပူဇော်ကန်တော့ကြစဉ်။

(မြန်မာ့အလင်း)

သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့် မိုင်းဟောင်းတစ်လုံး နင်းမိပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူတစ်ဦး ခြေဖနောင့် ကြေမွဒဏ်ရာရရှိ

နေပြည်တော် ဇန်နဝါရီ ၁၆

အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများအား သေကျေ၊ ဒဏ်ရာရ၊ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံ အသုံးပြုဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၁ ရက် ညနေ ၄ နာရီခန့်က ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၂)ရပ်ကွက် ကျွန်းတောဇတန်းလျား၌ နေထိုင်သည့် ကိုမောင်ခင် အသက်(၃၁)နှစ်သည် တောအုပ်ကျေးရွာအနီး၌ တောင်ယာလုပ်ငန်း လုပ်ကိုင်၍ တောင်ယာခုတ်နေစဉ် သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် မိုင်းဟောင်းတစ်လုံးကို နင်းမိပေါက်ကွဲရာ ကိုမောင်ခင်၏ ဘယ်ဘက်ခြေဖနောင့် ကြေမွ၍ ဒဏ်ရာရရှိခဲ့သည်။

ပံ့ပိုးကူညီ

အဆိုပါ ခြေဖနောင့်ကြေမွဒဏ်ရာရရှိခဲ့သည့် ကိုမောင်ခင်အား တာဝန်ရှိသူများက မြဝတီမြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသမှုများနှင့် လိုအပ်သောပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စတုဘုမ္မိက တရားစခန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၆

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် အုန်းနဲ့ကုန်းကျေးရွာ စတုဘုမ္မိက မဂ္ဂင်ရိပ်သာကျောင်းတွင် ရွှေမင်းဝံ့ငှက်တွင်းဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခုနစ်ရက် တရားစခန်းကို ဇန်နဝါရီ ၂၄ ရက် ညနေတွင် ဖွင့်လှစ်မည်ဖြစ်ရာ နိုင်ငံတော် ဩဝါဒါစရိယ စတုဘုမ္မိကနိကာယ ဂဏာဓိပတိ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကုန္ဒကာဘိဝ (သန်လျင်) ဆရာတော်ထံမှ ယောဂီများ ဩဝါဒါခံယူကြပြီး ၎င်းည ၇ နာရီတွင် နယ်လှည့်ဓမ္မကထိက ဘဒ္ဒန္တနန္ဒမာလာ (ပုသိမ်) ဆရာတော်က နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည် ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၆

ကွမ်းခြံကုန်း မြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးပူဇော်ပွဲ ၂၀၀၅–၂၀၀၆ ပညာသင်နှစ်အတွက် ပညာရည်ချွန်ဆုပေးပွဲ တက္ကသိုလ်ပါရဂူဘွဲ့ရသူများနှင့် နိုင်ငံတော်အဆင့် ဘွဲ့ထူး ဂုဏ်ထူးချီးမြှင့်ခံ ပုဂ္ဂိုလ်တို့အား ဂုဏ်ပြုပွဲကို ဖေဖော်ဝါရီ ၄ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း (ဗဟန်း–၃လမ်းထိပ်)ရှိ စွမ်းအင်ဝန်ကြီးဌာန ဓမ္မာရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ မြို့နယ် အသင်းသူ အသင်းသားများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။

ဆက်သွယ်စာရင်းပေး

သက်ကြီးပူဇော်ပွဲအတွက် အသက်(၇၅)နှစ်နှင့်အထက် အသင်းသူ အသင်းသားများသည် ၂၀၀၅–၂၀၀၆ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့ကြသူများနှင့် ဂုဏ်ထူးရရှိသူများသည် တက္ကသိုလ် ပါရဂူဘွဲ့ရသူများနှင့် နိုင်ငံတော်အဆင့် ဂုဏ်ပြုဆုချီးမြှင့်ခံရသူများသည် ဇန်နဝါရီ ၃၁ ရက် နောက်ဆုံးထား၍ ဦးစိုးညွန့် (ဦးစီး နာယက ဖုန်း–၅၄၁၆၈၆၊ ဦးကျော်ခိုင် ဥက္ကဋ္ဌ ဖုန်း–၂၄၆၁၄၀၊ ဦးကျော်စိုး အတွင်းရေးမှူး ဖုန်း–၀၉–၅၀၀၄၂၆၊ ဦးကြိုင်မြင့် ဘဏ္ဍာရေးမှူး ဖုန်း– ၃၇၁၅၆၃၊ ဦးစန်းအောင် တွဲဖက်အတွင်းရေးမှူး ဖုန်း–၆၆၄၆၀၇၊ ဗိုလ်မှူးမြင့်သူ(ငြိမ်း) တွဲဖက်အတွင်းရေးမှူး ဖုန်း–၂၉၂၅၀၀ နှင့် ဒေါ်ဥ အမှုဆောင် ဖုန်း–၀၉–၈၀–၃၃၉၁၅ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က–ပ)

ယောနယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၆

ယောနယ်အသင်း(ရန်ကုန်)၏ (၃၇)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့်အတူ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၈ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အမှတ် ၂၀၂ လမ်း ၄၀ ယောနယ်အသင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

အသင်းဝင်များ၊ ယောနယ်သူ ယောနယ်သားများ၊ အပူဇော်ခံ အသက်(၇၀)နှင့်အထက် အသင်းဝင်များ၊ ၂၀၀၅–၂၀၀၆ ခုနှစ် တက္ကသိုလ်ဘွဲ့ရနှင့် တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်မြင်သူ အသင်းဝင် သားသမီးများသည် အမှတ်စာရင်းထောက်ခံစာနှင့်အတူ ဇန်နဝါရီ ၂၀ ရက်နောက်ဆုံးထား၍ ဥက္ကဋ္ဌ ဦးအေးမောင် ဖုန်း–၂၄၀၆၁၄၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့် ဖုန်း–၃၈၆၄၄၇ နှင့် အတွင်းရေးမှူး ဦးသာလှ ဖုန်း–၃၈၀၄၄၈ တို့သို့ ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထိုင်းက မလေးရှားကိုနိုင်၊ နှစ်သင်းစလုံးအကြိုဗိုလ်လုပွဲတက် အခွင့်အရေးကိုအသုံးမချနိုင်၍ မြန်မာအသင်းအုပ်စုမှထွက်ခဲ့ရ

ရန်ကုန် ဇန်နဝါရီ ၁၆

အာဆီယံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၇ ခုနှစ် အာဆီယံချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ (ASEAN Championship 2007) အုပ်စု(က) နောက်ဆုံးပွဲစဉ်များကို ယနေ့ညနေ ၆နာရီခွဲက ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ တစ်ချိန်တည်း ယှဉ်ပြိုင်ကစားရာ ထိုင်းအသင်းက မလေးရှားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ဂိုးမရှိသရေပွဲဖြစ်သွားသည်။

ရေတိမ်နစ်

ထိုင်းအသင်းနှင့် မလေးရှားအသင်းတို့ သရေပွဲဖြစ်ခဲ့လျှင် မြန်မာအသင်းက ဖိလစ်ပိုင်အသင်းကို ငါးဂိုးဖြတ်သွင်းမှ ဖြစ်မည်ဟု သုံးသပ်ခဲ့ကြသော်လည်း မြန်မာအသင်းက တစ်ဂိုးပင်ဝင်အောင် မသွင်းနိုင်ခဲ့၍ ရေတိမ်နစ်ခဲ့ရသည်။ ထိုင်းအသင်းက မလေးရှားအသင်းကို တစ်ဂိုးအသာဖြင့် ဦးဆောင်ကစားနေချိန်တွင် မြန်မာအသင်းက ဖိလစ်ပိုင်အသင်းကို တစ်ဂိုးသွင်းရုံဖြင့် အကြိုဗိုလ်လုပွဲတက်မည်ဖြစ်သော်လည်း ဂိုးမရှိသရေပွဲဖြစ်သွား၍ အုပ်စုအဆင့်နှင့် ကျေနပ်လိုက်ရသည်။

ဆန္ဒစော

မြန်မာအသင်း၏ တာထွက်လူစာရင်းတွင် အဝါကတ်ထိထားကြသော မိုးဝင်းနှင့် ခင်မောင်ထွန်းတို့ မပါဝင်ခဲ့ချေ။ မြန်မာအသင်းသည် ဂိုးပြတ်အနိုင်ရရှိရန် လိုအပ်သည်ဟူသောစိတ်ဖြင့် ဆန္ဒစောပြီး ဘောလုံးများကို ရှေ့သို့ကြဲသလို ကန်ပို့နေသဖြင့် ဖိလစ်ပိုင် နောက်တန်းက အခက်အခဲမရှိကာကွယ်နိုင်ခဲ့သည်။ မြန်မာအသင်းတွင် အသင်းခေါင်းဆောင် စိုးမြတ်မင်း မပါဝင်နိုင်၍ အသင်းကို ဦးဆောင်မည့်သူမရှိဘဲ ကြဲသလိုကစားခဲ့ရသည်။

ကြိုးစားကာကွယ်

မြန်မာအသင်းက လွယ်လွယ်နှင့်ဂိုးရမည်ဟု ထင်မှတ်ခဲ့သော်လည်း အသာစီးမှ မကစားနိုင်ဘဲ ဖိလစ်ပိုင်အသင်း၏ တန်ပြန်တိုက်စစ်ကိုပင် ကြိုးစားကာကွယ်ခဲ့ရသည်။ ၂၀၀၄ ခုနှစ် ပဉ္စမအကြိမ် အာဆီယံတိုက်ဂါးဖလားဘောလုံးပြိုင်ပွဲတွင် မြန်မာနှင့် ဖိလစ်ပိုင်တို့ အုပ်စုပွဲစဉ်၌ ဆုံတွေ့ခဲ့ရာ ပွဲပြီးခါနီး သွင်းယူသောတစ်ဂိုးဖြင့် မြန်မာအသင်းက အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပထမပိုင်း၌ အောင်မြင့်အေးအစား ကျော်သူရကို လူစားလဲခဲ့သော်လည်း ကစားကွက်ပိုကောင်းမလာခဲ့ချေ။ မြန်မာအသင်းသည် ယခင်ပွဲများက ပွဲစဉ်များကဲ့သို့ ဖိဖိစီးစီးမကစားဘဲ ကြဲသလိုအပေးအယူလုပ်ကစားသွားသည်။

အဆုံးသတ်မသေချာ

ဒုတိယပိုင်း၌ မြန်မာအသင်းအနိုင်ဂိုးရမည်ဟု ထင်မှတ်ခဲ့ကြသော်လည်း ဂိုးရလိုစိတ်များပြီး တစ်ကိုယ်ကောင်းကစားနေ၍ ဂိုးမသွင်းနိုင်ဘဲ အချိန်များ တရွေ့ရွေ့ကုန်ဆုံးခဲ့ရသည်။ ဒုတိယပိုင်း၌ စိုးသီဟအောင်အစား ခင်မောင်ထွန်းကို လူစားလဲ ထည့်သုံး၍ တိုက်စစ်အားတက်လာသော်လည်း တိုက်စစ်မှူးရန်ပိုင် အဆုံးသတ် မသေချာ၍ အခွင့်အရေးများ ဆုံးရှုံးခဲ့ရသည်။ မြန်မာအသင်းသည် ဘောလုံးကို အောက်ချပြီး အပေးအယူလုပ်ကစားရမည့်အစား ဂိုးရလိုဇောဖြင့် အမြောက်ဘော(အမြင့်ဘော)များ ကစားနေ၍ ဘောလုံးပိုင်ဆိုင်မှုများသော်လည်း ဂိုးမရဖြစ်နေသည်။

ပွဲပြီးခါနီးတွင် ရာဇာဝင်းသိန်း ကန်သွင်းသည့်ဘောလုံး ဂိုးတိုင်ဘေးမှ ထွက်သွားရပြီး သေချာပေါက် ဂိုးရနိုင်သည့် အခွင့်အရေးများကို ဖိလစ်ပိုင်ဂိုးသမား အစွမ်းပြကာကွယ်နိုင်ခဲ့သည်။ ထိုင်းနှင့် မလေးရှားတို့က လေးဂိုးပြတ်အနိုင်ယူခဲ့သော ဖိလစ်ပိုင်အသင်းကို မာဒေးကားချန်ပီယံ မြန်မာအသင်းက ဂိုးမသွင်းနိုင်ဘဲ သရေပွဲဖြစ်ခဲ့၍ မြန်မာပရိသတ်များ အသည်းကွဲခဲ့ရသည်။ မြန်မာအသင်းနည်းပြ အနေဖြင့် ပွဲထွက် လူစာရင်းထုတ်မှု မှားယွင်းခြင်းနှင့် အသင်း၏ကစားကွက် နည်းဗျူဟာကို အချိန်မီမပြုပြင်နိုင်ခဲ့ခြင်းတို့ကြောင့် အကြိုဗိုလ်လုပွဲတက်ရန် အခွင့်အရေးကောင်းပေါ်ခဲ့သော်လည်း အုပ်စုအဆင့် နှင့် ကျေနပ်လိုက်ရသည်။

သူတို့ပါဝင်

မြန်မာအသင်းတွင် **(ဂိုး)**ကျော်ဇင်ထက်၊ **(နောက်တန်း)**ခင်မောင်လွင်၊ မင်းသူ၊ ဇော်လင်းထွန်း၊ မိုးဝင်း၊ **(အလယ်တန်း)** အောင်မြင့်အေး၊ (ကျော်သူရ)၊ ရာဇာဝင်းသိန်း၊ အောင်မျိုးသန့်၊ စိုးသီဟအောင်(ခင်မောင်ထွန်း) **(ရှေ့တန်း)**ရန်ပိုင်၊ စည်သူဝင်းတို့ ပါဝင်ကစားခဲ့ကြသည်။

အုပ်စု(က)ပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ရာ ထိုင်းအသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲသရေ ခုနစ်မှတ်ဖြင့် အုပ်စုပထမ၊ မလေးရှားအသင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး လေးမှတ်ဖြင့် အုပ်စုဒုတိယရရှိပြီးအကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားကြသည်။ မြန်မာအသင်းက သုံးပွဲသရေ သုံးမှတ်၊ ဖိလစ်ပိုင်အသင်းက တစ်ပွဲသရေ၊ နှစ်ပွဲရှုံး တစ်မှတ်သာရရှိပြီး ပြိုင်ပွဲမှ ထွက်သွားရသည်။

ယနေ့ပွဲ

ဇန်နဝါရီ၁၇ရက် **(ယနေ့)** ညနေပိုင်းတွင် စင်ကာပူနိုင်ငံ၌ အုပ်စု(ခ) နောက်ဆုံးပွဲစဉ်များကို ဆက်လက်ကျင်းပမည်ဖြစ်ရာ မြန်မာစံတော်ချိန် ညနေ၆ နာရီခွဲတွင် ဗီယက်နမ်အသင်းနှင့် လာအိုအသင်း၊ စင်ကာပူအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ တစ်ချိန်တည်း တစ်ပြိုင်တည်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ॥ **(မြန်မာ့အလင်း)**

သတင်းဆောင်းပါး

ကိုထွေး

မော်လမြိုင်မြို့ ဈေးကြီးရပ် အမှတ်(၈၇) မောင်မောင်ညီညီ ကုန်မာဆိုင်နေ ဦးမိုး-ဒေါ်ကြည် မိသားစုက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် ကျပ်နှစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။ (က-ပ)

နီပေါသတင်းစာဆရာများအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက်ကြည့်ရှု ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၌လေ့လာ

ရန်ကုန် ဇန်နဝါရီ ၁၆

မြန်မာ-နီပေါနှစ်နိုင်ငံ စာနယ်ဇင်းလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရေးအတွက် ရန်ကုန်မြို့၌ရောက်ရှိနေသော နီပေါနိုင်ငံသတင်းစာဆရာများအသင်း ဥက္ကဋ္ဌ Mr. Manju Ratna Sakya ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက်သို့ သွားရောက်ကြည့်ရှု လေ့လာကြသည်။

ရှင်းလင်းပြသ

ရှေးဦးစွာ နီပေါနိုင်ငံသတင်းစာဆရာကိုယ်စားလှယ်အဖွဲ့သည် မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်၌ ခင်းကျင်းပြသထားသော ဗဟိုပြကွက်၊ ကမ္ဘာ့မြေပုံနှင့် မူးယစ်ဆေးဝါး သယ်ဆောင်ရာလမ်းကြောင်းများပြခန်း၊ မြန်မာနိုင်ငံသို့ဘိန်းစတင်ဝင်ရောက်လာပုံပြခန်း၊ မြန်မာ့ရာဇဝင်များလက်ထက်မူးယစ်ဆေးဝါးထိန်းချုပ်မှုပြခန်း၊ မိုးဟိန်းအဆင့်(၆)နှင့် အဆင့်(၈) လှုပ်ရှားမှု သမိုင်းဝင်ဓာတ်ပုံများပြခန်းနှင့် မိုးဟိန်း စစ်ဆင်ရေးသတင်းစာအထောက်အထားများ ပြခန်း အစရှိသည့် ပြခန်းပြကွက်တို့ကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ နီပေါနိုင်ငံသတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့သည် စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ကြိုဆို

ထိုမှတစ်ဆင့် နီပေါနိုင်ငံ သတင်းစာဆရာကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သာကေတမြို့နယ် သန်လျင်တံတားအနီးရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ အကြောင်း သိကောင်းစရာများကိုရှင်းလင်းပြောကြားသည်။

ကြည့်ရှုလေ့လာ

ယင်းနောက် နီပေါနိုင်ငံသတင်းစာဆရာကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ အတွင်းရှိ နန်းမြင့်မျှော်စင်၊ ဗမာရွာ၊ ကရင်ရွာနှင့် ကချင်ရွာတို့သို့ သွားရောက်၍ ပြည်ထောင်စုဖွား တိုင်းရင်းသားများ၏ ရိုးရာအိမ်၊ အသုံးအဆောင် ပစ္စည်းများ၊ ပရိဘောဂများ၊ ရိုးရာတူရိယာပစ္စည်းများနှင့်ဝတ်စားဆင်ယင် ထုံးဖွဲ့မှုများကို ကြည့်ရှုလေ့လာကြသည်။ **(သတင်းစဉ်)**

သာကေတ ၁၀၈ တောင်ဘုရား၌ တရားပွဲများကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၆

ရန်ကုန်တိုင်း သာကေတမြို့နယ် ၁၀၈ တောင်ဘုရားဝင်း၌ အထူး တရားပွဲများအဖြစ်ဇန်နဝါရီ၁၈ရက်မှ ၂၅ရက်အထိ ကျင်းပမည်ဖြစ်ရာ ၁၈ ရက်တွင် ဓမ္မကထိက ဗဟုဇနဟိတရေ ဓမ္မာစရိယဓမ္မဒူတအရှင်ဆေကိန္ဒ၊ ၁၉ ရက်တွင် ဓမ္မာစရိယ ဓမ္မဒူတ အရှင်ယောသိတ၊ ၂၀ ရက်တွင် တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အရှင်သီရိန္ဒာဘိဝံသ(ယောဆရာတော်)၊ ၂၁ ရက်တွင် ဓမ္မာစရိယ ဓမ္မဒူတ အရှင်ပညာဝရ၊ ၂၂ ရက်တွင် ဓမ္မာစရိယ ဓမ္မဒူတ အရှင်ကုသလ၊ ၂၃ ရက်တွင် ဓမ္မာစရိယ ဓမ္မဒူတ အရှင်ဝိမလ၊ ၂၄ ရက်တွင် ဓမ္မဒူတ အရှင်ဝိမလနှင့် ၂၅ ရက်တွင် ဓမ္မာစရိယဓမ္မဒူတ ဒေါက်တာအရှင်ပညိသရ အရှင်သူမြတ်တို့က ညစဉ် ၇ နာရီမှစ၍ တရားတော်များ ဟောကြားမည်ဖြစ်ရာ ကြွရောက်တရားနာယူနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဝန်ကြီးဌာနပေါင်းစုံအမျိုးသမီးဘောလုံးပြိုင်ပွဲ ပြည်ထဲရေးက ပို့ဆောင်ရေးကိုအနိုင်ရဗိုလ်စွဲ

ရန်ကုန် ဇန်နဝါရီ ၁၆

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ပဉ္စမအကြိမ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီး (အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဇန်နဝါရီ ၁၄ရက် ညနေ ၃နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပရာ ပြည်ထဲရေး အမျိုးသမီးဘောလုံးအသင်းက ပို့ဆောင်ရေးအမျိုးသမီး ဘောလုံးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။

အနိုင်ရဂိုး

လက်ရှိချန်ပီယံ ပြည်ထဲရေးအသင်းက ပထမပိုင်း၌ ဦးဆောင်ဂိုး သွင်းယူနိုင်သော်လည်း ဒုတိယပိုင်းတွင် ပို့ဆောင်ရေးအသင်းက ချေပဂိုးသွင်းယူနိုင်သဖြင့် အချိန်ပို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရသည်။ ပြည်ထဲရေးအသင်းအတွက် ဦးဆောင်ဂိုးကို ပွဲချိန်မိနစ်၃၀တွင် စန်းစန်းကြူက သွင်းယူပေးသည်။ ပို့ဆောင်ရေးအသင်းအတွက် ချေပဂိုးကို ပွဲချိန် ၇၆မိနစ်တွင် မိုးမိုးထွေးက သွင်းယူပေးသည်။ ပြည်ထဲရေးအသင်းအတွက် အနိုင်ဂိုးကို အချိန်ပိုဒုတိယပိုင်း ၆မိနစ်တွင် မိုင်နီလာထွေးက သွင်းယူခဲ့ခြင်းဖြစ်သည်။

ဆုချီးမြှင့်

ဗိုလ်လုပွဲအပြီးတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဘန်နီတင်အောင်က ဒုတိယရရှိသော ပို့ဆောင်ရေးအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေကျပ်နှစ်သိန်းပေးအပ်ချီးမြှင့်သည်။ ထို့နောက် အားကစားနှင့်ကာယပညာ ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပထမရရှိသော ပြည်ထဲရေးအသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ပထမဆုဖလား၊ ဆင့်ပွားဖလားနှင့် ငွေကျပ် သုံးသိန်း ပေးအပ်ချီးမြှင့်သည်။ **(မြန်မာ့အလင်း)**

ဂရင်းရွိုင်ရယ်စပါယ်ရှယ်ရီဆာဗ့်ဂေါက်သီးရိုက်ပြိုင်ပွဲ မန္တလေးမြို့ ရွှေမန်းတောင်ဂေါက်ကလပ်၌ကျင်းပမည်

GRAND ROYAL SPECIAL RESERVE Golf Championship

ရန်ကုန် ဇန်နဝါရီ ၁၆

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ International Beverages Trading Co., Ltd. က အဓိကကူညီပံ့ပိုးသော ဂရင်းရွိုင်ရယ်စပါယ်ရှယ် ရီဆာ့ဗ်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ လက်ရည်စစ်ပြိုင်ပွဲ (Grand Royal Special Reserve Qualify Round) ကို ဇန်နဝါရီ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် မန္တလေးမြို့ရှိ Shwe Mann Taung Golf Resort ၌ ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲမှ အကောင်းဆုံးရိုက်ချက်ဂေါက်သီးရိုက်အားကစားသမားလေးဦးအား ရွေးချယ်မည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲတွင် စိန့်အင်ဒရူးဥပဒေသ (St. Andrews)နှင့် ဒေသန္တရ စည်းမျဉ်းဥပဒေများအတိုင်း လိုက်နာကျင့်သုံးသွားမည်ဖြစ်ပြီး ပြိုင်ပွဲကို အချက်အကျောပေးပြိုင်ပွဲ System(36) ဖြင့် ကျင်းပသွားမည်ဖြစ်သည်။

တာဝန်ယူဆောင်ရွက်

ယင်းပြိုင်ပွဲတွင် Co-Sponsors များအဖြစ် Air Mandalay , Hotel Nikko, Srixon နှင့် Alpine တို့က လည်း ထပ်မံ၍ ပံ့ပိုးကူညီကြမည်ဖြစ်ပြီး ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် Organized By Han Event Management က တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသော ဂေါက်သီးရိုက် အားကစားသမားများသည် ဖုန်း-၀၂-၆၀၅၇၀သို့ ဆက်သွယ် စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သာမဏေကျော် ဘွဲ့နှင်းသဘင် အကြိုတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၁၆

(၁၉)ကြိမ်မြောက် မင်္ဂလာဗျူဟာ သာမဏေကျော်ဘွဲ့လက်မှတ်နှင့် စာအောင်ဆုနှင်းသဘင်ကို (၁၃၆၈ခု တပို့တွဲလပြည့်ကျော် ၁၁ရက်)ဖေဖော်ဝါရီ ၁၂ရက် နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်း ရှင်သာမဏေဓမ္မဗိမာန်၌ ကျင်းပမည်ဖြစ်သည်။

အကြိုတရားပွဲများအဖြစ် ဇန်နဝါရီ ၂၇ရက်တွင် တိပိဋကယောဆရာတော်၊ ၂၈ရက်တွင် ဓမ္မဒူတအရှင်ဆေကိန္ဒ၊ ဖေဖော်ဝါရီ ၃ ရက်တွင် သီတဂူအရှင်ဒေဝိန္ဒာလင်္ကာရ၊ ၄ ရက်တွင် ရွှေပြည်ဟိန်းဆရာတော် အရှင်သူမြတ်တို့က မွန်းလွဲ ၂ နာရီမှစ၍ ဟောကြားမည်ဖြစ်ရာ မည်သူမဆို ကြွရောက်နာယူနိုင်ကြောင်းနှင့် ဘွဲ့နှင်းသဘင်အတွက် လှူဒါန်းလိုပါက ရှင်သာမဏေဓမ္မဗိမာန် ဖုန်း-၃၈၇၃၆၁ တို့သို့ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ကမ္ဘာတစ်လွှား အားကစား

မန်ယူအတွက် ဖလားသုံးလုံးရရှိရေး ဖြည့်ဆည်းပေးမည့်လာဆင်

လန်ဒန် ဇန်နဝါရီ ၁၆

မန်ယူအသင်း ယခုနှစ်ဘောလုံးရာသီ၌ အောင်ပွဲများ ရယူနိုင်ရေးဆိုသည့် မျှော်မှန်းချက်ကို ဖြည့်ဆည်း အကောင်အထည်ဖော်ပေးဖို့အတွက် အရေးပေါ် ရောက်ရှိလာသူမှာ ဆွီဒင်ကလပ်ဟယ်ဆင်ဘော့အသင်း၌ ကစားနေသည့် တိုက်စစ်မှူး ဟန်ရီလာဆင်ပင် ဖြစ်သည်။



မန်ယူ အတွက် အောင်မြင်မှုများပေး စွမ်းမည့် လာဆင်။
(ဓာတ်ပုံ-အင်တာနက်)

ဖာဂူဆန်သဘောကျ၍ ခေါ်ယူလိုက်သော လာဆင်ဆိုသည့် တိုက်စစ်မှူးမှာ ဆွီဒင်နိုင်ငံသားဖြစ်ပြီး ၁၉၇၁ ခုနှစ် စက်တင်ဘာ ၂၀ရက်၌ မွေးဖွားခဲ့ရာ အသက် ၃၅နှစ်ရှိပြီဖြစ်သော ဝါရင့်တိုက်စစ်မှူးတစ်ဦးပင်ဖြစ်သည်။

၁၉၉၃ခုနှစ်မှာပင် ဆွီဒင်လက်ရွေးစင် ဘောလုံးသမားဖြစ်ခဲ့ပြီး နိုင်ငံတကာပွဲပေါင်း ၉၃ပွဲကစားခဲ့ကာ ဂိုးပေါင်း ၃၆ဂိုးသွင်းယူနိုင်ခဲ့သူဖြစ်ပြီး ၁၉၉၄ခုနှစ် အမေရိကန်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ဆွီဒင်အသင်းတတိယရရှိအောင် စွမ်းဆောင် ပေးနိုင်ခဲ့သူလည်းဖြစ်သည်။ လာဆင်သည် ၁၉၉၈ ခုနှစ်နှင့် ၂၀၀၄ခုနှစ်များက ဆွီဒင်နိုင်ငံ၏ အကောင်းဆုံးဘောလုံးသမားဆုကိုရရှိခဲ့ပြီးထိုနှစ်များတွင် ဆဲလ်တစ်နှင့်ဖီယင်နူအသင်းများ၌ကစားခဲ့သည်။

ထို့အပြင် ပြီးခဲ့သည့် ဘောလုံးရာသီ၌ ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် အာဆင်နယ်နှင့် ဘာစီလိုနာဗိုလ်လုပွဲကစားခဲ့ကြရာ ဘာစီလိုနာအသင်းချန်ပီယံလိဂ်ဖလားရအောင် လာဆင်စွမ်းဆောင်နိုင်ခဲ့သည်။

သွင်းယူ

ဆဲလ်တစ်၊ဘာစီလိုနာနှင့် ဖီယင်နူ အသင်းများ၌ပွဲပေါင်း၄၄၀ကျော် ကစားခဲ့ပြီး ဂိုးပေါင်း ၂၈၀သွင်းယူနိုင်ခဲ့သူဖြစ်ပြီး ဘာစီလိုနာတွင် ၃၃ပွဲကစားခဲ့ပြီး ၁၂ဂိုးသွင်းယူနိုင်ခဲ့ရာလာဆင်၏ဂိုးသွင်းစွမ်းရည် အနေအထားမှာ လက်ဖျားခါလောက်အောင်ပင်ရှိခဲ့သည်။ ဘာစီလိုနာ တိုက်စစ်မှူးကမ္ဘာ့ကျော် ဘောလုံးသမား ရော်နယ်ဒင်ဟိုက **"လာဆင်ဟာ ကျွန်တော့်အတွက် သူ့ရဲကောင်းပါ ကျွန်တော်အလွန်အားကျခဲ့ရတဲ့ တိုက်စစ်မှူးပါ"**ဟု ပြောကြားခဲ့ရသူပင် ဖြစ်သည်။

ဆွီဒင်ဘောလုံးအသင်းမှ အနားယူခဲ့ပြီးနောက်ဟယ်ဆင်ဘော့အသင်းတွင် ကစားနေသော လာဆင်အား မန်ယူနည်းပြ ဖာဂူဆန်က အရေးပေါ် သုံးလ အငှားစာချုပ်ဖြင့် ခေါ်ယူလိုက်ချိန်၌

ရေးသားတင်ပြသူ
မောင်မောင်မြင့်ဆွေ

အသက် ၃၅နှစ်အရွယ် တိုက်စစ်မှူး တစ်ဦးကို ခေါ်ယူခဲ့၍ မန်ယူ ပရိသတ် စိတ်ပျက်ခဲ့ရာ ဖာဂူဆန်အား ဝေဖန် ပြစ်တင်မှုများ ပွက်လောညံခဲ့သည်။ သို့သော်လာဆင်က စတင်ကစားသည့် အက်ဖ်အေဖလားပြိုင်ပွဲ၌ဗီလာနှင့် ကစားရာတွင် တစ်ဂိုးသွင်းပြီး အနိုင် ရယူပေးနိုင်ခဲ့သည်။ ဝေဖန်ပြစ်တင်မှုများလည်း တိတ်ဆိတ်သွားခဲ့သည်။ မန်ယူပရိသတ်များလည်း ဘဝင်ကျကာ လာဆင်ကို လှိုက်လှိုက်လှဲလှဲ အားပေးခဲ့ကြလေသည်။

ထိုသို့ မန်ယူသို့ ရောက်ရောက်ခြင်း ခြေစွမ်းပြ ဂိုးသွင်းနိုင်ခဲ့သဖြင့် လာဆင်နှင့်စာချုပ် သက်တမ်းတိုးရန် စကားသံများ ထွက်ပေါ်လာခဲ့ရာ ဟယ်ဆင်ဘော့ ကလပ်ဥက္ကဋ္ဌ စတန်အင်ဂီဖရက်ဒရင်က လာဆင်အနေဖြင့်မန်ယူတွင် သက်တမ်းတိုးလိုက တိုးနိုင်ကြောင်း ခွင့်ပြုခဲ့သည်။

တစ်ပြိုင်တည်းမှာပင် လာဆင်ကစားခဲ့သော အသင်းဟောင်းများဖြစ်သည့်ဆဲလ်တစ်နှင့်ဘာစီလိုနာတို့ကလည်း တစ်ချိန်တည်း၌ ပြန်လည် ဆက်သွယ်မှုများပြုလုပ်လာခဲ့ကြသည်။ လာဆင် ပြန်ကစားလျှင် မိမိတို့ တံခါးဖွင့်ထားကြောင်းဘာစီလိုနာကလပ်ကပြောကြားခဲ့သလို ဆဲလ်တစ် အသင်းကလည်း လာဆင်နှင့် ဆွေးနွေးရန် အသင့်ရှိနေကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

သို့သော် မန်ယူနည်းပြ ဖာဂူဆန်က လာဆင်နှင့်ပတ်သက်ပြီးလောလောဆယ်ဘာမျှမစဉ်းစား မဆုံးဖြတ်ရသေးပါဟု ပြောထားသော်လည်း မန်ယူတိုက်စစ်၌အသုံးတည့်နေသည့်လာဆင်ကို ဆက်လက်ခေါ်ယူဖို့ ရှိနေသည်။ ဖာဂူဆန်သည် ယခုနှစ်၌ ချန်ပီယံလိဂ်၊ ပရီမီယာလိဂ်နှင့် အက်ဖ်အေဖလား သုံးခုစလုံး သိမ်းပိုက်ရန် လာဆင်လို ဝါရင့်သမ္ဘာရင့် တိုက်စစ်မှူးတစ်ယောက် လိုအပ်နေမှုကို ခြေမြန်လက်မြန်နှင့် အချိန်ကိုက် ဖြည့်ဆည်းခဲ့ခြင်းဖြစ်ရာ လာဆင် မန်ယူ၌ ဆက်လက်ရှိနေခြင်းမှာ အသင်းအတွက် အကျိုးအမြတ်များမည့် အနေအထားရှိနေသည်မှာ အမှန်ပင် ဖြစ်သည်။



မန်ယူတိုက်စစ်မှူးလာဆင်။ (ဓာတ်ပုံ-အင်တာနက်)

မေးမှိန်

မန်ယူသည် ပြီးခဲ့သည့် ဘောလုံးရာသီနှစ်ခုလုံးတွင် ကားလင်းဖလား တစ်ခုဖြင့်သာ ကျေနပ်ခဲ့ရရာ မန်ယူလို အသင်းကြီး တစ်သင်းအတွက် ဂုဏ်ရှိန် ဂုဏ်ဝါ မေးမှိန်သလို ဖြစ်ခဲ့ရသည်။ ထို့ကြောင့် လာဆင်ကို အချိန်မီခေါ်ယူခြင်းဖြစ်သလို မန်ယူတိုက်စစ်တွင် လူငယ် တိုက်စစ်မှူးများ ဖြစ်သည့် စီရိုနယ်ဒို၊ ရွန်နေနှင့် ဆာဟာတို့က တွန်းတွန်းတိုက်တိုက်နှင့် အဝင်အထွက် ရဲရဲဖြင့် ထိုးဖောက်ဂိုးသွင်းနိုင်ကြသော်လည်းလူငယ်များပီပီဆန္ဒစောနေတတ်မှုကြောင့် အလေအလွင့်ဖြစ်နေရသော ဂိုးများကိုလာဆင်ကအကျိုးရှိစွာအဆုံးသတ် ဂိုးသွင်းပေးနိုင် မည်ဖြစ်သည်။

ထို့အပြင် လာဆင်သည် ယခုအချိန်အထိ ဘောလုံးပွဲပေါင်း ၉၈၀ ကစားခဲ့ပြီးဖြစ်သော်လည်းအနီကတ်ပြ အထုတ်ခံခဲ့ရမှု တစ်ကြိမ်မှ မရှိခဲ့သော ရှားရှားပါးပါး တိုက်စစ်မှူး တစ်ဦးပင်ဖြစ်ရာ တတ်နိုင်သမျှ အမှားအယွင်း အနည်းဆုံးဖြင့်ကစားတတ်သူ ဖြစ်သလိုယခုအချိန်အထိသွင်းဂိုးစုစုပေါင်း ၃၃၁ ဂိုးသွင်းထားနိုင်ခဲ့ပြီးသူလည်း ဖြစ်သည်။

ပွဲပိုးမည်

အသက် ၃၅နှစ်ရှိပြီ ဖြစ်သည့် လာဆင်သည် ဘောလုံးကွင်းထဲ၌ လူငယ်တိုက်စစ်မှူးများနှင့်အပြိုင် သွက်လက်လျင်မြန်စွာ ထိုးဖောက်ကစားနိုင်ဆဲ၊ခြေစွမ်းပြဂိုးသွင်းနိုင်ဆဲဖြစ်နေရာ မန်ယူအသင်းအတွက်ယခုနှစ်ဘောလုံးရာသီ၌ဖလားသုံးလုံးရရှိရေးအိပ်မက်ကို မည်ကဲ့သို့ဖြည့်ဆည်းပွဲပိုးပေးမည်ကိုသာ စောင့်ကြည့်ရတော့မည်ဖြစ်သည်။ ။

(ကိုးကား-အင်တာနက်သတင်းများ)

မန်ယူ၌ သက်တမ်းရှည်စွာကစားလို ရိုင်ယန်ဂစ် ထုတ်ဖော်ပြောကြား

မန်ယူဝါရင့်ကစားသမား ရိုင်ယန်ဂစ်။ (ဓာတ်ပုံ-အင်တာနက်)

လန်ဒန် ဇန်နဝါရီ ၁၆

မန်ချက်စတာယူနိုက်တက် အသင်း၏ ဝါရင့်ကစားသမားကြီး ရိုင်ယန်ဂစ်သည် ရှရင်ဂမ်နှင့် ဂါရီစပိဒ်တို့လို နှစ်ရှည်ကစားသမားအဖြစ် ကစားသွားရန် စိတ်အားထက်သန်နေကြောင်း ဇန်နဝါရီ ၁၅ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

မန်ယူတွင်

အသက် ၃၃နှစ် ရှိပြီဖြစ်သော တောင်ပံကစားသမားကြီး ရိုင်ယန်ဂစ်သည် အသက်၁၇နှစ် အရွယ်ကတည်းက အိုးထရက်ဖို့ဒ်၌ ရှရင်ဂမ်နှင့်အတူ ကစားလာခဲ့ရာ ဘောလုံးသမားဘဝ တစ်လျှောက်လုံး မန်ယူတွင်အချိန်ကုန်စေခဲ့သူဖြစ်သည်။ တက်ဒီရှရင်ဂမ်နှင့်ဂါရီစပိဒ်ကဲ့သို့ ပရီမီယာလိဂ်တွင် သက်တမ်းကြာရှည်စွာကစားနိုင်စွမ်းရှိကြောင်းငင်းအား ဘောလုံးအားကစားကလောင်ရှင်များအသင်းက ဂုဏ်ပြုတည်ခင်းသည့် ညစာစားပွဲ၌ ရိုင်ယန်ဂစ်က ပြောကြားသည်။

ကစားခွင့်ရခဲ့

မိမိသည် ကျန်းမာကြံ့ခိုင်နေသ၍ မန်ယူ၌သာကစားရန်ဆန္ဒရှိပြီး ကစားရသည်မှာလည်း ပျော်ရွှင်မှုရှိကြောင်း ဂစ်ကပြောကြားသည်။ ဂစ်သည် ၁၉၉၁ခုနှစ် မတ်လက အဲဗာတန်အသင်းနှင့်မန်ယူယှဉ်ပြိုင်သည့်ပွဲမှစ၍ အိမ်ကွင်း၌ လူစားအဖြစ်ပထမဆုံးပါဝင်ကစားခွင့်ရခဲ့သည်။ ထိုမှတစ်ဆင့် ရိုင်ယန်ဂစ်သည် မန်ယူနှင့်အတူ ပရီမီယာလိဂ်ဖလား ရှစ်လုံး၊ အက်ဖ်အေဖလားလေးလုံးဆွတ်ခူးခဲ့သည့်အပြင် ချန်ပီယံလိဂ်ဖလားပါ ဆွတ်ခူးနိုင်ခဲ့သည်။ **(အင်တာနက်)**

ကိုးကားတင်ပြသူ - မြင့်မောင်စိုး

ရက်ဒင်းအတွက် ၁၀ဂိုးသွင်းယူခဲ့သည့် ဒိုင်းလီ တံကောက်ကြောဒဏ်ရာကြောင့်ပြိုင်ပွဲနှင့်လွဲဖွယ်ရှိ

လန်ဒန် ဇန်နဝါရီ ၁၆

ရက်ဒင်းတိုက်စစ်မှူးဒိုင်းလီသည် ဇန်နဝါရီ၁၄ရက်က အဲဗာတန်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာတွင် တံကောက်ကြောဒဏ်ရာရရှိသွား၍ ဓာတ်မှန်ရိုက်ရ လိမ့်မည်ဖြစ်ကြောင်း၊ မည်မျှကြာအောင်ပြိုင်ပွဲနှင့် လွဲမည်ကို မပြောနိုင်သေးကြောင်း ရက်ဒင်းနည်းပြ စတိဗ်ကော့ဝဲလ်က ပြောကြားသည်။

ထိုနေ့က အဲဗာတန်နှင့် ရက်ဒင်းတို့ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။ အသက် ၂၃နှစ်ရှိ ဒိုင်းလီသည် ၃၈မိနစ်ကြာကစားပြီး ၎င်းတံကောက်ကြော ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

သွင်းယူထား

အဆိုပါ တိုက်စစ်မှူး ဒိုင်းလီသည်ရက်ဒင်းအသင်း၏ အားကိုးအားထား ပြုရသော တိုက်စစ်မှူးဖြစ်ပြီး ပရီမီယာလိဂ်တွင် တတိယဂိုးအများဆုံးသွင်းထားသူ ဖြစ်သည်။ ၎င်းသည် ရက်ဒင်းအသင်းအတွက် ယခုနှစ်ဘောလုံးရာသီတွင် အာဆင်နယ်မှ ဗန်ပါစီနှင့် မစ်ဒယ်ဘရော့မှ ယာကူဘူတို့နှင့် အတူ ၁၀ဂိုးသွင်းပေးထားသည်။ ပရီမီယာလိဂ်၏ လောလောဆယ်ဂိုးအများဆုံးသွင်းသူမှာ ချယ်ဆီး တိုက်စစ်မှူး ဒရော့ဘာဖြစ်ပြီး စုစုပေါင်း ၁၄ဂိုးသွင်းယူပေးထားသည်။ ၎င်း၏ နောက်မှ မန်ယူမှစီရိုနယ်ဒိုက ဒုတိယအများဆုံး ၁၃ဂိုးသွင်းယူပေးထားသည်။ **(အင်တာနက်)**

အဲဗာတန်နှင့်ပွဲတွင် ဒဏ်ရာရသွားသော ရက်ဒင်းတိုက်စစ်မှူး ဒိုင်းလီ။
(ဓာတ်ပုံ-အင်တာနက်)

တောင်ကိုရီးယားတိုက်စစ်မှူး လီဒေါင်ကွတ် မစ်ဒယ်ဘရော့က ခေါ်ယူရန်ဆွေးနွေး

လန်ဒန် ဇန်နဝါရီ ၁၆

တောင်ကိုရီးယားတိုက်စစ်မှူး လီဒေါင်ကွတ်အား ပရီမီယာလိဂ်အသင်းတစ်သင်းဖြစ်သော မစ်ဒယ်ဘရော့အသင်းက စာချုပ်ရန် ချဉ်းကပ်လျက်ရှိကြောင်း အဆိုပါကစားသမား၏ အေးဂျင့်က ဇန်နဝါရီ ၁၅ရက်တွင် ပြောကြားလိုက်သည်။

အသက်၂၇နှစ်ရှိ အဆိုပါ တောင်ကိုရီးယားတိုက်စစ်မှူးသည် ရေးဗားဆိုက်သို့ ပြောင်းရွှေ့ရန် ဆွေးနွေးလျက်ရှိကြောင်း လီ၏အေးဂျင့်ကင်တီဟွန်းက ပြောကြားသည်။ မစ်ဒယ်ဘရော့အသင်းက ၎င်းတိုက်စစ်မှူးအား သုံးကြိမ်တိုင် စမ်းသပ်ခဲ့ပြီး ဖြစ်ကြောင်း၊ စာချုပ်ချုပ်ဆိုရန် လိုလားနေကြောင်း၊ မိမိတို့အနေဖြင့် အသေးစိတ် ဆွေးနွေးနေပြီဖြစ်ကြောင်း အဆိုပါ အေးဂျင့်က ကိုရီးယန်းတိုင်းမ်သို့ ပြောကြားလိုက်သည်။

စတုတ္ထမြောက်

အဆိုပါ တိုက်စစ်မှူးသည် ပိုဟန်းစတီးလား တိုက်စစ်မှူးဖြစ်ပြီး မစ်ဒယ်ဘရော့အသင်းနှင့် စာချုပ်ချုပ်ဖြစ်ခဲ့လျှင် စတုတ္ထမြောက် ပရီမီယာလိဂ်သို့ ရောက်လာမည့် တောင်ကိုရီးယား ကစားသမားဖြစ်လာမည် ဖြစ်သည်။

ပတ်ဂျီဆန်နှင့် လီယောင်ပြုတို့သည် မန်ချက်စတာယူနိုက်တက်နှင့် တော့တင်ဟမ်အသင်းသို့ အသီးသီး မရောက်မီ ဥရောပကလပ် ဖြစ်သော အိုင်ဟိုဗင်အသင်းသို့ပြောင်းရွှေ့ခဲ့သည်။ ထိုအတောအတွင်း ဆိုးလ်ကီဟေယွန်းသည် ရက်ဒင်းအသင်းသို့ ရောက်ရှိလာခဲ့သည်။ လီသည် တောင်ကိုရီးယား လက်ရွေးစင်အသင်းတွင် ၆၄ပွဲပါဝင်ကစားခဲ့ရာတွင် ၂၂ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

(အင်တာနက်)

ဂုဏ်ယူဝမ်းမြောက်ခြင်း

ဘုရား၊ သိမ်၊ ဓမ္မာရုံ ဒါယကာကြီး

ဦးထွန်းရှိန် (Managing Director) CIT International Trading Ltd.အား နိုင်ငံတော်က ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာထောက်ပံ့လှူဒါန်းနေကြသောပုဂ္ဂိုလ်တို့အား ချီးမြှင့်သည့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် **(သီရိသုဓမ္မမဏိဇောတဓရ)**ဘွဲ့အား ထိုက်တန်စွာ ချီးမြှင့်အပ်နှင်းခြင်း ခံရသည့်အတွက် ကြည်နူး ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် သာသနာတော်အကျိုး၊ နိုင်ငံတော်အကျိုးတို့အား ဆက်လက်စွမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

မဟာစည်သြဝါဒခံ ညောင်ကန်အေးကွင်းကျောင်း သာသနာ့ရိပ်သာ ဝေယျာဝစ္စအကျိုးဆောင်အဖွဲ့။

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၇)ဖြင့် ဂုဏ်ပြုချီးမြှင့်သည့် သာသနာတော်ဆိုင်ရာ **အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ** ဘွဲ့နှင့် **လူမှုထူးချွန်တံဆိပ်(ဒုတိယဆင့်)**ကို **ဦးတင့်ဆန်း** B.E (Civil) **သီရိသုဓမ္မမဏိဇောတဓရ၊ စက်မှုစီးပွားထူးချွန်(ပထမဆင့်)၊** ဥက္ကဋ္ဌ A.C.E ဆောက်လုပ်ရေး၊ ဥက္ကဋ္ဌ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်၊ ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်၊ အတွင်းရေးမှူး အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စုလီမိတက်၊ အုပ်ချုပ်မှုဒါရိုက်တာ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး၊ ဆောက်လုပ်ရေးနှင့် အင်ဂျင်နီယာလုပ်ငန်းအား ချီးမြှင့်ခြင်းခံရသည့်အတွက် လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် နိုင်ငံအကျိုး၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဦးတင်လှ (ဒုတိယဥက္ကဋ္ဌ) A.C.E Construction
ဦးဌေးမြင့် (Project Director) A.C.E Construction
ဦးချမ်းသာ (Project Manager) A.C.E Construction
ဦးစိန်ဝင်း (စီမံရေးရာ) A.C.E Construction
ဦးမျိုးဇော် (ဆက်သွယ်ရေး) A.C.E Construction
ဦးတင်မောင်ထွန်း (လျှပ်စစ်) A.C.E Construction
ဦးကျော်မြစိုး (ရေသန့်) A.C.E Construction
ဦးရဲမြင့် (ရုံးအဖွဲ့) A.C.E Construction
ဦးမောင်ညို (ရုံးအဖွဲ့) A.C.E Construction
ဦးတင်ထွန်း A.C.E Construction
ဦးနေမျိုးလှိုင် A.C.E Construction
ဦးတင်ကိုကိုဝင်း A.C.E Construction
ဦးထွန်းထွန်းဦး A.C.E Construction
ဦးသန်းထွန်း A.C.E Construction
ဦးမြင့်ဦး A.C.E Construction
ဦးဖြိုးဝေဦး A.C.E Construction
ဦးကျော်မင်းထိုက် A.C.E Construction

A.C.E Construction Main Store
ဝန်ထမ်းများနှင့်မိသားစုများ။

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်မှ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၇)ဖြင့် ပြည်တွင်းပြည်ပ သာသနာပြုပုဂ္ဂိုလ်များ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအားချီးမြှင့်သော **"သီရိသုဓမ္မသီဂီ"**ဘွဲ့တံဆိပ် အပ်နှင်းခြင်းခံရသည့် မွေးသမိခင် ချစ်မေမေ **ဒေါ်မြရှင်** (ပုလဲရတနာရောင်းဝယ်ရေးသည်) (၅၉)နှစ်မြောက်မွေးနေ့နှင့်အတူ လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း နောင်နှစ်ပေါင်း(၁၀၀)တိုင် ရှေ့အနာဂတ်တွင်လည်း တိုင်းပြည်နှင့်လူမျိုးအကျိုး၊ သာသနာအကျိုးတို့အား ဆတက်ထမ်းပိုးတိုး၍ အောင်မြင်စွာ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

သား – ကိုရွှေရီ–မစိန်သဇင်
မြေး – BABY စိန်သဇင်
– မမြတ်ဖူးနွယ်။

ဦးစိန်–ဒေါ်ကြည်စိန်(စိန်မိသားစု)

ကျေးဇူးဆပ်ပါမည်

မော်တော်ယာဉ် ၃ခ/၅၀၀၈၏ လိုင်စင်စာအုပ်နှင့် စာရွက်စာတမ်းများပါသော အိတ်တစ်လုံး ပျောက်သွားသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ **စိုးမိုးထွန်း**
ဖုန်း–၀၉–၅၁–၂၄၀၁၉
၀၉–၉၉–၇၃၇၅၅။

ဖြည့်စွက်ခေါ်ပါရန်

အဖဦးခင်မြင့်၏သား ၁၂/လသယ(နိုင်)၀၂၅၈၆၂ မောင်အံ့ဘွယ်မြင့်အောင်(ခ)မောင်အံ့ဖွယ်မြင့်အောင်ဟု ဖြည့်စွက်ခေါ်ပါရန်။
မောင်အံ့ဘွယ်မြင့်အောင်(ခ) မောင်အံ့ဖွယ်မြင့်အောင်။

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကဝမြို့နယ်၊ အောင်ကောင်းညွှန့်ကျေးရွာအုပ်စု၊ မမောက်ရွာသစ်နေ မသန္တာလွင် ၇/ကဝန(နိုင်)၁၀၃၃၆၈ သည် မိဘ၊ ညီအစ်ကို၊ မောင်နှမများ သဘောမတူသည့်ကိစ္စကို ပြုလုပ်သဖြင့် အမွေစားအမွေခံ သမီးအဖြစ်မှစွန့်လွှတ်ပါကြောင်း၊ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား (လုံး၀)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြော်ငြာအပ်ပါသည်။ (မေးမြန်းစုံစမ်းခြင်းသည်းခံပါ။) **ဦးမြင့်လွင်–ဒေါ်ခင်အုန်းမြင့် ကဝမြို့။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁က/၂၃၂၂ မာစီဒီးဘင့်ဇ် ဆလွန်းယာဉ်လက်ဝယ်ရှိသူအမည် ဦးမျိုးမြင့် မှတ်ပုံတင်အမှတ် ၇/ပမန(နိုင်)၀၁၃၅၂၈က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊အနောက်ပိုင်းခရိုင်ရုံး(သဃ်န်းကျွန်းမြို့နယ်)။

အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းစာချုပ်အား ပြန်လည်ရုပ်သိမ်းခြင်း

ကျွန်ုပ်နှင့် ရွှေပြည်ဦးဆောက်လုပ်ရေးမှ ဦးဇော်ဝင်း PRE-၁၃၅၀၃၂တို့ ၂၀–၆–၂၀၀၇ရက်တွင် အဆင့်မြင့်အဆောက်အအုံ ဆောက်လုပ်ရန်အတွက် ချုပ်ဆိုခဲ့သော ကတိစာချုပ်ပါ အချက်အလက်များကို ဦးဇော်ဝင်းမှ ဆောင်ရွက်ခဲ့ခြင်းမရှိသည့်အတွက် အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းကို ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ကြောင်း ကြေညာအပ်ပါသည်။

ဦးတင်မောင် BR-၀၀၆၃၅၉
အမှတ် ၂၃၁၊ ပြည်လမ်း
စမ်းချောင်းမြို့နယ်၊ ရန်ကုန်။

ကျေးဇူးဆပ်ပါမည်

သာကေတ(၆၂)ယာဉ်လိုင်းကားပေါ်တွင် ကျွန်တော် ဦးသူရ၏ ပိုက်ဆံအိတ်နှင့်အတူ ဘဏ်ကတ်နှစ်ကတ်၊ စာကြည့်တိုက်ကတ်တစ်ကတ်၊ သင်္ဘောသားကတ်တစ်ကတ် နယူးဇီးလန် IRD ကတ်တစ်ကတ်နှင့် စာရွက်စာတမ်းအချို့ ပျောက်ဆုံးသွားပါသဖြင့် အောက်ပါလိပ်စာအတိုင်း ပြန်လည်ပေးပို့ပါက ကျေးဇူးဆပ်ပါမည်။
အမှတ် ၃၅၊ ရှုခင်းသာလမ်း၊ (၇)အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ဖုန်း–၅၄၇၁၈၆။

သီတဂူဧရာအလှူတော် တရားပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၆

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ရတနာသိင်္ဂီဈေး အင်္ဂါပတ် ဆွမ်းလောင်းအသင်း ဝေယျာဝစ္စ အာစိဏ္ဏကံ အကျိုးဆောင်အဖွဲ့ကြီး အနေဖြင့် ဝါတွင်း၊ ဝါပ အင်္ဂါနေ့တိုင်း သံဃာတော်များအား အရှက်ဆွမ်းလောင်းလှူခဲ့ရာ နှစ်ပေါင်း(၄၀)ပြည့် အထိမ်းအမှတ်အဖြစ် စစ်ကိုင်းတောင်ရိုး၊ သီတဂူဧရာ အလှူတော်တရားပွဲကို ရတနာသိင်္ဂီဈေး၊ အင်္ဂါပတ် ဆွမ်းလောင်းဓမ္မာရုံ၌ ၁၃၆၈ခုနှစ်၊ တပို့တွဲလဆန်း ၅ရက်(ဇန်နဝါရီ ၂၂ရက်) တနင်္လာနေ့ ည၇နာရီတွင် သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ (D.Litt, Ph.D)က တရားတော်များ ဟောကြားမည်ဖြစ်သည်။ ဓမ္မမိတ်ဆွေများ တရားတော်နာကြွရောက်ကြပါရန်နှင့် အလှူရှင်များအနေဖြင့် လှူဒါန်းလိုပါက ဝေယျာဝစ္စအာစိဏ္ဏကံ အကျိုးဆောင်အဖွဲ့ ဖုန်း–၆၉၀၄၆၅၊ ၆၉၀၁၀၃၊ ၀၉–၅၁–၀၀၉၉၀နှင့် ၀၉–၅၁–၆၁၄၉၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**



မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

ဇန်နဝါရီ၁၆ရက်က လသာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ ၂၀၀၇ခုနှစ် (၆၂)ကြိမ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား တိုင်းအလုပ်အမှုဆောင် ဒေါ်သင်းသင်းမိုးက ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ရွှေပြည်သာနှင့်ကလေးမြို့နယ်များ၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဇန်နဝါရီ ၁၆

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် (၆/၁၃)ရပ်ကွက် ပုသိမ်ပန်းခြံ ဇရာဝတီပတ်လမ်း အမှတ် (၁၇၃/က)နေ ဦးကံညွှန့်၏ နှစ်ထပ်အိမ်တွင် ဇန်နဝါရီ၁၄ရက် ည ၁၀နာရီခန့်က အဝတ်လဲခန်းအတွင်း ဖယောင်းတိုင်မီးထွန်းထားရာမှ လဲကျပြီး မီးလောင်မှုဖြစ်ပွားခဲ့သည်။ မီးလောင်မှုကြောင့် အိမ်အပေါ် ထပ်နှင့်ပစ္စည်းများ မီးလောင်ခံရပြီး ငွေကျပ်ငါးသိန်းဖိုးခန့်ဆုံးရှုံးသည်။

ယင်းနေ့ ည ၁၁နာရီခန့်က စစ်ကိုင်းတိုင်း ကလေးမြို့ အောင်သစ္စာရပ် နယ်မြေ(၄)နေ ဒေါ်စမ်းရီ၏အိမ်တွင် မီးဖိုမီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်ပွားရာ မီးဖိုဆောင်မီးလောင်ခံရကာ ငွေကျပ်ငါးသောင်းဖိုးခန့်ဆုံးရှုံးခဲ့ကြောင်း သက်ဆိုင်ရာမှသတင်းရရှိသည်။ **(သတင်းစဉ်)**

ဖူးပွင့်စုံ ပြာသို

ခိုင်ရွှေဝါ

ဖူးပွင့်ငုံ ခွာညိုလှ
ပြာသိုလ မာသာ
စာဆိုပြ အလာကို
အရာရာ ထည့်သွင်း။
မကာရ ခါဆီမှာ
ရာသီခါ အေးမြလေခြင်း။
ဖုသျှမြတ် ကြယ်တာရာငယ်
သွယ်ဖြာကာ ထွန်းလင်း။
ရက်ရာဇာ ကြွက်မင်းနှင့်
နဂါးသွင်း တစ်ဖုံ
ပူးနှင့်ဆင် အမှတ်ထားပါလို့
ပြဿဒါး ရှောင်ကြလုံးစုံ
သုံးဆယ်ခြောက် ညဥ့်ခါကြုံလျှင်
နေ့မှာတုံ နှစ်ဆယ်လေးရယ်နှင့်
အချိန်ပေး ညွှန်းသိကြပါ။
မွန်းတည့်ဆဓာ။
ဟေမန္တ ဆောင်းအလာကို
ပေါင်းသဟာ မှတ်တမ်းမို့လေး။

နှင်းတဖွဲဖွဲကျ၍ အလွန်အေးမြလှသော ပြာသိုလ၌ ရာသီအလိုက် ရာသီအမှန် ဖူးပွင့်လာကြသော ခွာညိုပန်းမာလာတို့သည် ပြာသိုလဆန်းလာပြီဆိုမှဖြင့် စိမ်းစိုနေသော အညှာတံကလေးများ၊ ဖြူလွှင်သန့်စင်တောက်ပနေသော ဝတ်ဆံကလေးများ၊ ပြာလဲ့နေသော ဖူးခွံဖူးဖတ်ကလေးများဖြင့် သူတို့တာဝန် ကျေပွန်သောအနေဖြင့် ဖူးပွင့်ဝေဆာ အလှဖြာနေကြပါသည်။

ရွှေလင်းပြာ ငှက်ငယ်လေးတို့သည်လည်း သူ့အချိန် သူ့ရာသီတိုင်း အချိန်ကျလာပါက ကူကြွတွန်ကြမြဲ ဖြစ်ပါသည်။ သူတို့အချိန်မကျသေး၍ မကူကြမတွန်ကြသေးသော်လည်း ခွာညိုအလှဖြာသော ပြာသိုလမှာကား ဘာသာဘာဝ အချင်းချင်း ပျော်မြူးရွှင်ပျကြလျက် ကူကြ၊ တွန်ကြပါတော့သည်။

ကဗျာ့ပါရဂူ၊ ကဗျာ့ဝိဒူ ပုဂ္ဂိုလ်ကျော်တို့ ကဗျာဉာဏ်ကွန့်မြူးကာ စာဖွဲ့လောက်သော ပြာသိုလ၌ကား မြောက်ပြန်လေညင်းကလေး တသွေးသွေးတိုက်ခတ်လာပြီဖြစ်သောကြောင့် ပုလဲဥကလေးများပမာ ငွေနှင်းကလေးမှာ တဖွေးဖွေးကျဆင်းလျက် တစိမ့်စိမ့် အေးမြလာပြီ ဖြစ်ပါသည်။

မြန်မာဘာသာ ပြာသိုလခေါ်သည်မှာ အမရကောသ အဘိဓာန်ကျမ်း သဂ္ဂဝဂ်တွင် ဖုသာယုတ္တာပုဏ္ဏ မာသီ ပေါသီ၊ ဖုသာယုတ္တာ၊ ဖုသျှနက္ခတ်နှင့်ယှဥ်သော။ ပုဏ္ဏမာသီ၊ လပြည့်နေ့သည်…ပေါသီ၊ ပြောသီမည်၏ ဟူ၍ လာရှိသည်။ ရာဇမတ္တန်ကျမ်း၌လည်း **''ပေါသီ''**ပြာသိုလဟု အနက်ဆိုသည်၊ ထိုပေါသီကိုပင် သက္ကတအလို ရရစ်နှင့် ပြောသီဖြစ်သည်။ ထိုပြောသီပင် ကာလရှည်လာ၍ မြန်မာဘာသာ ပြာသိုလခေါ်ကြသည်ဟု ယူဆကြသည်။

ယုတ္တိတစ်မျိုးမှာ **''တွေ၊ဤသိုလ၌။ ပရံ- အတိရေက တရံ၊ အထူးသဖြင့် လွန်ကဲစွာ။ သီတလံ၊ အေးမြချမ်းစိမ့်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထိုကြောင့်။ ပြာသို၊ ပြာသိုမည်၏။''** အဆိုအရ လွန်ကဲစွာ အေးမြ ချမ်းစိမ့်ခြင်းရှိသော ပြာသိုလဟု မြန်မာဘာသာ မှတ်တမ်းအစဥ်အလာ ရှိခဲ့ပါသည်။

ဤပြာသိုလတွင် ထေရဝါဒ ဗုဒ္ဓဘာသာ ထူးခြားချက် မှတ်တမ်းကမူ ဘုရားရှင်၏ မဟာသက္ကရာဇ်(၁၀၃)ခုနှစ် ရှင်တစ်ထောင်ချွတ်ပွဲ ဖြစ်ပါသည်။ ဘုရားရှင်ပွင့်တော်မူစဥ်ကာလက အတ္တစွဲ အလွန်ကြီးမား လွှမ်းမိုးနေကြသော ဥရုဝေလ ကဿပ၊ နဒီကဿပ၊ ဂယာကဿပဟူ၍ ခေါင်းဆောင်ရသေ့သုံးဦးတို့ ရှိနေကြပါသည်။

နောင်တော်ကြီး ဥရုဝေလကဿပသည် ကြီးစွာသော သဲအစုရှိသော ဥရုဝေလတောတွင် နောက်လိုက်ရသေ့ငါးရာနှင့်အတူ ဦးဆောင်ကြီးမှူးသူအဖြစ် နေထိုင်လျက်ရှိပါသည်။ ညီအလတ် နဒီကဿပသည် ရွှေခွက်မှောက်ရာ စိမ်းညို့သော ရေအလျဥ်ရှိသော နေရဉ္ဇရာမြစ်ကမ်းတစ်နေရာတွင် နောက်လိုက် ရသေ့သုံးရာနှင့်အတူ သူက ခေါင်းဆောင်အဖြစ် အုပ်ချုပ်ကာ နေထိုင်လျက်ရှိပါသည်။

ညီအငယ် ဂယာကဿပသည် နေရဉ္ဇရာမြစ်ကမ်းအနီး၌ နောက်လိုက်ရသေ့ နှစ်ရာနှင့်အတူ နောက်လိုက်ရသေ့တို့ကို အဆုံးအမသြဝါဒပေးကာ အုပ်ချုပ်ပြီး နေထိုင်ခဲ့ပါသည်။ ယင်းတို့သည် ကိုယ့်ကိုယ်ကို အထင်ကြီးနေသော ရသေ့များ ဖြစ်ကြပါသည်။

ဘုရားရှင်သည် ပထမဝါကျွတ်ပြီးသောအခါ ရသေ့ညီနောင် ရှင်တစ်ထောင်တို့ကို ချွတ်ရန် ဥရုဝေလတောအုပ်သို့ ကြွတော်မူရာ တန်ဆောင်မုန်းလပြည့်နေ့တွင် ရောက်တော်မူပါသည်။ ရှေးဦးစွာ ဘုရားရှင်က နောင်တော်အကြီးဆုံး ဥရုဝေလကဿပထံ ချဥ်းကပ်၍ နဂါးကြီးရှိသော မီးတင်းကုပ်၌ နေခွင့်တောင်းကာ နဂါးကြီးကို တန်ခိုးတော်ဖြင့် နှိမ်နင်းပြပါသည်။ ထိုအခါ ဘုရားရှင်အား အလွန်ကြည်ညို သွားသဖြင့် ဤအရပ်၌ အမြဲနေပါရန် လျှောက်ထားပါသည်။ ဆွမ်းဝတ်ဖြင့် လုပ်ကျွေးရန် ခွင့်တောင်းပါသည်။ အံ့သြခြင်းလည်း အလွန် ဖြစ်သွားပါသည်။ သို့သော်လည်း ''မိမိကဲ့သို့ ရဟန္တာမဖြစ်သေး''ဟု အထင်အမြင် ရှိနေပါသည်။

ဘုရားရှင်ထံသို့ ရောက်သောအခါ စတုမဟာရာဇ် နတ်မင်းကြီး၊ သိကြားမင်း၊ ဗြဟ္မာမင်းကြီးတို့ လာရောက်ပူဇော် ကြည်ညိုကြသည်ကို မြင်ရ၍ ဘုရားရှင် တန်ခိုးကြီးသည်ကို အသိအမှတ်ပြုကာ အလွန်ကြည်ညို သဒ္ဓါပွားများလာပါသည်။ သို့သော် ''မိမိကဲ့သို့ ရဟန္တာမဟုတ်သေး'' ဟု အထင်အမြင်ကမူ ရှိမြဲဖြစ်နေပါသည်။ ဘုရားရှင်သည် တန်ခိုးအမျိုးမျိုးပြ၍ ချေချွတ်ပါသည်။ သို့ရာတွင် ဥရုဝေလကဿပကြီးကား ''မိမိကဲ့သို့ ရဟန္တာမဟုတ်သေး''ဟု အတ္တဝါဒုပါဒါန် လွှမ်းမိုးလျက်ပင် ရှိနေပါသေးသည်။

ဘုရားရှင်က ''ကဿပ…သင်ကား ရဟန္တာလည်းမဟုတ်၊ အရဟတ္တမဂ်နှင့် ပြည့်စုံသူလည်းမဟုတ်၊ ရဟန္တာဖြစ်နိုင်သော အကျင့်လည်း သင့်မှာမရှိသေး''ဟု မိန့်ကြားခဲ့ပါသည်။ ဘုရားရှင်၏ ဤစကားကို ကြားရုံမျှဖြင့် ဥရုဝေလ ကဿပသည် ပါရမီ ဓာတ်ခံရှိထားသူပီပီ အမှားကို ချက်ချင်းသိမြင်ကာ ရဟန်းပြုပေးပါရန် တောင်းခံပါသည်။ ပထမ ၅၀၀၊ ဒုတိယ ၃၀၀၊ တတိယ ၂၀၀ အားလုံး ၁၀၀၀ သော ရသေ့များသည်လည်း ဧဟိဘိက္ခုရဟန်းပြုကြကုန်သည်။ ဘုရားရှင်သည် ပြုသစ်စရဟန်းတစ်ထောင်နှင့်အတူ ဥရုဝေလတောမှ ဂယာသီသသို့ ကြွတော်မူခဲ့ပါသည်။

မဟာသက္ကရာဇ် (၁၀၃)ခုနှစ် ပြာသိုလပြည့်နေ့တွင် **''ဂယာသီသဝါ ကျောက်ဖျာထက်တွင် စံပယ်လျက် ''အာဒိတ္တပရိယာယ သုတ္တန်''**ကို ဟောကြားတော်မူရာ ရဟန်းအားလုံး ရဟန္တာ ဖြစ်ကုန်ကြပါသည်။

ပြာသိုလမှာ ရက်ရာဇာ ကြာသပတေး၊ စနေဖြစ်၍ ပြဿဒါး ဗုဒ္ဓဟူး၊ သောကြာ ဖြစ်သည်။ ညဥ့်နာရီ ၃၆၊ နေ့နာရီ ၂၄၊ မွန်းတည့် ဖဝါး ၆၊ ဖဝါးမွန်းတည့်သည် မကာရရာသီဖြစ်၍ ကြယ်တာရာ ဖုသျှဖြစ်ပြီး ခွာညိုပန်း ပွင့်သောလဖြစ်ရာ ဟေမန္တဆောင်းရာသီဖြစ်၍ ဖူးပွင့်စုံ ပြာသိုအကြောင်း ဆောင်းပါး ရေးသားဖော်ပြလိုက်ရပါသည်။ ။

ကျောက်ပန်းတောင်းမြို့ အင်ဂေါင်းကျေးရွာ စက်ရေတွင်းဖွင့်

ကျောက်ပန်းတောင်း ဇန်နဝါရီ ၁၀

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် အင်ဂေါင်းကျေးရွာ စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁ရက် နံနက်က အဆိုပါမုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဌေးဝင်းက စက်ရေတွင်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ စက်ရေတွင်းနှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို အမှုဆောင်အရာရှိ ဦးဌေးဝင်းက ကျေးရွာဥက္ကဋ္ဌသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စက်ရေတွင်းကို မြို့နယ်ဥက္ကဋ္ဌဒုတိယရဲမှူးချစ်စိန်၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဌေးဝင်း၊ အင်ဂေါင်းကျေးရွာဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

အဆိုပါစက်ရေတွင်းမှာ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် တူးဖော်သော လေးလက်မတွင်း အမျိုးအစားဖြစ်ပြီး ရေထွက်နှုန်း တစ်နာရီ ဂါလန် ၁၉၀၀ ထွက်ရှိရာ အင်ဂေါင်းကျေးရွာရှိ အိမ်ခြေ ၇၅အိမ်နှင့်လူဦးရေ ၃၀၀တို့သည် သောက်သုံးရေ ဖူလုံစွာရရှိကြပြီဖြစ်သည်။ **(မြို့နယ်စည်ပင်)**

ထောက်ပံ့ငွေပေးအပ်

ညောင်လေးပင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့က အသက်(၇၅)နှစ်ပြည့်ပြီးသူ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်၏ ထောက်ပံ့ငွေပေးအပ်ပွဲကို ဒီဇင်ဘာ ၂၀ရက်က ညောင်လေးပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့သီရိရတနာခန်းမ၌ ကျင်းပရာ မြို့နယ်ခေတ္တဥက္ကဋ္ဌ ဒုတိယရဲမှူးစောစံဒိုးက ထောက်ပံ့ငွေ ပေးအပ်စဥ်။ (၁၃၄)

လွတ်လပ်ရေးနေ့ အခမ်းအနား ကျောက်ကြီး၌ ကျင်းပ

ကျောက်ကြီး ဇန်နဝါရီ ၄

(၅၉)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အလံတင် အခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက် ၄နာရီ မိနစ်၂၀က ကျောက်ကြီးမြို့ လွတ်လပ်ရေး ကျောက်တိုင်ရှေ့တွင် ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်အလံကိုအလေးပြုကြပြီး ကျောက်ကြီးမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမိုးဦးက လွတ်လပ်ရေးနေ့သဝဏ်လွှာကိုဖတ်ကြားသည်။

ထို့နောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် တာဝေး အပြေးပြိုင်ပွဲ၊ တာတိုအပြေးပြိုင်ပွဲ၊ စက်ဘီး အနှေးစီးပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် လွန်ဆွဲပြိုင်ပွဲတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

ယင်းနောက်ဆုချီးမြှင့်ပွဲ အခမ်းအနားကိုညနေ ၅နာရီကကျင်းပရာ တာဝေး အပြေးပြိုင်ပွဲပထမဆုကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမိုးဦးကငွေကျပ်ရှစ်သောင်းတန် ဆိတ်ငါးကောင် စက်ဘီးတစ်စီးကို ဆုပေးအပ် ချီးမြှင့်ပြီး အခြားအားကစားဆုများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သီးနှံစပါး ပြည့်အင်အား တားဆီးကာကွယ် မီးအန္တရာယ်

မြင်းခြံမြို့ ရေစက်ရုံအမှတ်(၁)ရှိ ရေပေးရေးစက်ယန္တရားများ လည်ပတ်မှုကို ဒီဇင်ဘာ ၁၄ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဒုတိယညွှန်ကြားရေးမှူး ဦးလေးလွင်နှင့် အင်ဂျင်နီယာမှူး ဦးစိုးနိုင်တို့ ကွင်းဆင်းစစ်ဆေးရာလက်ထောက်အင်ဂျင်နီယာဦးသန့်ဇင်ထွန်းကရေပေးရေးနှင့်ပတ်သက်၍ ရှင်းလင်းပြသစဥ်။ (မြို့နယ်စည်ပင်)

မိုင်းယောင်းမြို့ လှပရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်

မိုင်းယောင်း ဒီဇင်ဘာ ၃၁

မိုင်းယောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မြို့သာယာလှပရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၇ရက်က မြို့ဝင်မုခ်ဦး ဆေးသုတ်ခြင်းနှင့် ပန်းအလှပင်များ အစားထိုး စိုက်ပျိုးခြင်း လုပ်ငန်းတို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ အင်ဂျင်နီယာ ဦးမြင့်လင်း ဦးဆောင်၍ ကြပ်မတ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

ဒုတိယဗိုလ်မှူးကြီး မောင်ကျော်(ငြိမ်း) - ဒေါ်သန်းသန်း၊ သားဗိုလ်မြင့်ကျော် တို့အား ရည်စူး၍ ရန်ကုန်မြို့ လှိုင်မြို့နယ် ခပေါင်းလမ်း အမှတ် (၁၂) နေ ကျော်မိသားစုက ဒဂုံမြို့နယ် အမှတ်(၁၆) စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် နှစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာ တရားနာယူပြီး တိ=နိ(ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

သားငါးတန်းများ အနံ့အသက်ဆိုးမရှိရန် သန့်ရှင်းရေးဆောင်ရွက်

တိုက်ကြီး ဇန်နဝါရီ ၇

တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မြို့သန့်ရှင်းသပ်ရပ်သာယာ လှပရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အဖျောက်မြို့ဈေးအတွင်းရှိ သားငါးတန်းများကို အနံ့အသက်ဆိုးများ မရှိစေရန်နှင့် သန့်ရှင်းစေရန်အတွက် ဒီဇင်ဘာ ၃၁ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး ဦးမျိုးအောင် ကြီးကြပ်၍ သန့်ရှင်းရေး ဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဝင်းစိန်တောရ ဆရာတော် ဝိဇာတမွေးနေ့ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၆

မွန်ပြည်နယ် မုဒုံမြို့နယ် မြိုင်ကုန်းကျေးရွာရှိ အတောင် ၄၀၀ ပြည့်လျောင်းတော်မူ ရုပ်ပွားတော်ကြီး ဦးစီးနာယက အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တကေသရ ဝင်းစိန်တောရ ကျောက်တစ်လုံး ရတနာတောင် ဆရာတော်၏ သက်တော် (၈၆)နှစ်မြောက် ဝိဇာတမွေးနေ့ မင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၁၂ ရက် နံနက်ပိုင်းက ယင်းကျောင်းတိုက်၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားသို့ မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့မှ နာယက ဆရာတော်၊ သံဃာတော်များ၊ သီလရှင်များ၊ အလှူရှင်များ၊ကျင်းပရေးကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဦးစီးပဓာန နာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကေသရ ဝင်းစိန်တောရ ကျောက်တစ်လုံး ရတနာတောင် ဆရာတော်ထံ ပရိသတ်များက ရှစ်ပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်၊ သီလရှင်များအား အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဝင်းစိန်တောရ ဆရာတော်က ပင့်ကျောင်း ၁၀၀ မှ သံဃာတော်အပါး ၁၅၀၀ တို့အား ဆွမ်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး မော်လမြိုင်နှင့် မုဒုံမြို့များရှိ ဘုန်းတော်ကြီးစာသင်တိုက်များသို့ ဆန်အိတ် ၈၇၀ ကို ခွဲဝေလှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးဆွေးနွေး အမေ့အိမ်စာကြည့်တိုက်သို့ သုတ၊ ရသ စာအုပ်မျိုးစုံလှူဒါန်း

လယ်ဝေး ဒီဇင်ဘာ ၃၁

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာနမှခေတ္တညွှန်ကြားရေးမှူး ဦးသန်းထွန်းနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ငွေတို့သည် ဒီဇင်ဘာ ၁၆ရက်က မြို့နယ်ဦးစီးမှူး ဦးခင်မောင်မြင့်နှင့်ဝန်ထမ်းများ လိုက်ပါလျက် လယ်ဝေးမြို့နယ် ရေကာကျေးရွာ အမေ့အိမ် ကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက်သို့ သွားရောက်စစ်ဆေးပြီးသုတ၊ ရသ စာအုပ်မျိုးစုံအုပ် ၁၀၀ ကို လှူဒါန်းကြသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် ရေကာကျေးရွာအုပ်စု ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများ၊ စာကြည့်တိုက် ကော်မတီများနှင့် တွေ့ဆုံကာ စာကြည့်တိုက်များရေရှည်တည်တံ့ရေး၊ ငွေပဒေသာပင်များစိုက်ထူရေး၊ ကျေးရွာစာကြည့်တိုက် ကိုယ်ပိုင်အဆောက်အအုံ ဖြစ်စေရေးနှင့် စာအုပ်အလှူရှင်များ ရရှိရေးတို့အတွက် ဆောင်ရွက်ရမည့် နည်းလမ်းများကို ရှင်းလင်းဆွေးနွေးကြသည်။ (မြို့နယ် ပြန်/ဆက်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း)အနောက်ဘက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ဒဂုံမြို့နယ် အလုံလမ်း အမှတ်(၃၂၀) နေ အစ်မများဖြစ်ကြသော ဒေါ်နီနှင့် ဒေါ်မြမြတို့အား ရည်စူး၍ ညီမ ဒေါ်ကြည်ကြည်အေးမိသားစုက အလှူတော်ငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းနာယက အကျိုးတော်ဆောင်ဆရာတော် အောင်တော်မူ ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

အခွန်ဆိုင်ရာ ပညာပေးဆွေးနွေးပွဲ ပုလော၌ကျင်းပ

ပုလော ဇန်နဝါရီ ၅

ပြည်တွင်းအခွန်များဦးစီးဌာန ပုလောမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၏ အခွန်ဆိုင်ရာ ပညာပေးဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၇ရက် နံနက် ၉နာရီက ပုလောမြို့ ကမ်းရိုးတန်း ရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြိတ်ခရိုင်အခွန်ဦးစီးမှူး ဦးကျော်ရဲထွန်းက အခွန်ဆိုင်ရာ မူဝါဒနှင့် ဥပဒေများကိုလည်းကောင်း၊ မြို့နယ်အခွန်ဦးစီးမှူး ဦးဝင်းမောင်က အခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း ဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာကြသော အခွန်ထမ်းပြည်သူများ၏ မေးမြန်းချက်များအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဖဲကြိုးဖြတ်ဖွင့်လှစ်

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်း မင်းလှမြို့ ကန်ဦးကွက်သစ် အုတ်ရေကန်တည်ဆောက်ခြင်းနှင့် ရေပိုက်သွယ်တန်းခြင်းလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂ရက်က ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးသန်းလွင်နှင့် အမှတ် (၂)ရပ်ကွက်ဥက္ကဋ္ဌ ဦးလှဆောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ကြက်ဆူပင်စိုက်ခင်း၌ ပေါင်းမြက်ရှင်းလင်း

လှိုင်လင် ဒီဇင်ဘာ ၃၁

လှိုင်လင်ခရိုင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးဆောင်၍ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဒီဇင်ဘာ ၉ရက်က ခရိုင်နှင့်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၏ ကြက်ဆူပင်စိုက်ခင်းတွင် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံ ပြည်သူများ စုပေါင်း၍ ပေါင်းမြက် ရှင်းလင်းကြသည်။

(မြို့နယ် ပြန်/ဆက်)

ယန္တရားများကြံ့ခိုင်မှု

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်စက်၊ ယန္တရားများ ကြံ့ခိုင်မှု အခြေအနေကို ဒီဇင်ဘာ ၁၈ရက်က ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်ကျော်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

လက်ပံတန်း မဟာပေါင်းအလက ပညာရေးစုံညီပွဲကျင်းပ ရုပ်မြင်သံကြားပြစက် ပေးအပ်လှူဒါန်း

လက်ပံတန်း ဇန်နဝါရီ ၁၄

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် လက်ပံတန်းမြို့ မြင်ကဝကျေးရွာအုပ်စု မဟာပေါင်းအလက၌ ၂၀၀၆-၂၀၀၇ပညာရေး စုံညီပွဲတော်နှင့် ရုပ်မြင်သံကြားဖမ်းစက်ပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၆ရက် နံနက် ၁၁နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီးဒေါ်လှလှ၊ ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးအောင်စိုးနှင့် ဦးတင့်လွင်တို့က အမှာစကားပြောကြားကြပြီး ငွေပဒေသာပင် လှူဒါန်းရေးနှင့် ပတ်သက်၍ ကျောင်းအကျိုးတော်ဆောင်နာယက ဦးသိန်းမြင့်က ပြောကြား၍ ရုပ်မြင်သံကြားပြစက်နှင့် အောက်စက်တို့ကို ကျောင်းအကျိုးတော်ဆောင်အဖွဲ့က ပေးအပ်ရာကျောင်းအုပ်ဆရာမကြီးက လက်ခံယူသည်။

ဆက်လက်၍ ပညာရေးစုံညီပွဲနှင့် ပညာရည်ချွန် ဆုပေးပွဲကို ကျင်းပရာ အခမ်းအနားသို့ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မာန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် မြို့ပြလမ်းဖြစ်သော ရန်အောင်မြင်ရပ်ကွက် ဘောလုံးကွင်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၃၀ရက်က အမှုဆောင်အရာရှိ ဦးအောင်ကျော်ဝင်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးမောင်မောင်လွင်တို့ ကြီးကြပ်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ခရမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ဘုရားလမ်းရှိ နှစ်လက်မစက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင့်လွင်နှင့် အမှုဆောင်အရာရှိ ဦးနေမျိုးလင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

တတိယအကြိမ် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ထိပ်သီးအစည်းအဝေးကျင်းပ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း သဘာပတိအဖြစ်ဆောင်ရွက် အဖွဲ့ဝင်နိုင်ငံများအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်ရေး CLMV နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၆

တတိယအကြိမ် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ထိပ်သီးအစည်းအဝေးကို ဇန်နဝါရီ ၁၂ ရက် ညနေ ၄ နာရီက ဖိလစ်ပိုင်သမ္မတနိုင်ငံ စီးဘူးမြို့ရှိ Shangri-La's Mactan Island Resort Hotel ရှိ Rosal Ballroom(3)၌ ကျင်းပရာ တတိယအကြိမ် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ်(CLMV)ထိပ်သီးအစည်းအဝေး၏ အလှည့်ကျသဘာပတိ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်သည်။

တက်ရောက်

အဆိုပါ ထိပ်သီးအစည်းအဝေးသို့ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတ နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဒွန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဖိလစ်ပိုင်သမ္မတ နိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသောင်းထွန်း နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ် နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ၊ စီးပွားရေးဝန်ကြီးများ၊ အဆင့်မြင့်အရာ ရှိကြီးများ၊ တာဝန်ရှိသူများနှင့် အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာ အွန်ကင်ယွန်တို့ တက်ရောက်ကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ ✻

တတိယအကြိမ် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ထိပ်သီးအစည်းအဝေးကို ဖိလစ်ပိုင်သမ္မတနိုင်ငံ စီးဘူးမြို့ရှိ Shangri-La's Mactan Island Resort Hotel၌ ကျင်းပစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ် ကြေညာချက်ထုတ်ပြန်

မြန်မာ့ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်ခြယ်လှယ်ရန် အမေရိကန်နှင့် ဗြိတိန်တို့၏ မမှန်ကန်သော တစ်ဖက်သတ်လုပ်ရပ် အောင်မြင်မှုမရှိဘဲ ပျက်ပြားသွားခြင်းအတွက် စီးပွားရေးအဖွဲ့အစည်းအသီးသီးနှင့် လုပ်ငန်းရှင်များက များစွာနှစ်ထောင်းအားရ

ရန်ကုန် ဇန်နဝါရီ ၁၆

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်းတင်သွင်းခြင်းအပေါ် ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ဇန်နဝါရီ ၁၄ ရက်တွင် သဘော ထားကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက်ရှုတ်ချလိုက်သည်။

အဆိုပါသဘောထားကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ သဘောထားကြေညာချက်

မြန်မာနိုင်ငံ၏အရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေးအစီအစဉ်တွင်ပါဝင်စေရန် ဖိအားပေးသိမ်းသွင်းလုပ်ဆောင်ခဲ့ပြီးနောက် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက် ခြယ်လှယ် ရန်ကြိုးပမ်းအားထုတ်ပြီး လုံခြုံရေးကောင်စီက အရေးယူဆောင်ရွက်ပေးပါရန် အဆိုပြုဆုံးဖြတ်ချက်မူကြမ်း တစ်ရပ်ကို ဆက်လက်တင်သွင်းခဲ့သည့် အမေရိကန်နှင့် ဗြိတိန်တို့၏ မမှန်ကန်သော တစ်ဖက်သတ် လုပ်ရပ်သည် အောင်မြင်မှုမရှိဘဲ ပျက်ပြားသွားခြင်းအတွက် ဤအသင်းချုပ်နှင့်တကွ စီးပွားရေးအဖွဲ့အစည်း အသီးသီးနှင့် လုပ်ငန်းရှင်များက များစွာနှစ်ထောင်းအားရဖြစ်မိပါကြောင်း ဖော်ပြပါသည်။

စာမျက်နှာ ၃ ကော်လံ ၄ ❒

ခေတ်သစ်သိပ္ပံ နိုင်ငံရေးဘောဂဗေဒ လေ့လာရေးကျောင်းတော်သားစု ကြေညာချက်ထုတ်ပြန်

မြန်မာ့အရေးကိစ္စကို လုံခြုံရေးကောင်စီဆုံးဖြတ်ချက်ဖြင့် အရေးယူရန် တင်ပြလာမှုအပေါ် တရုတ်နှင့် ရုရှားနိုင်ငံတို့က Double Veto သုံး၍ ကန့်ကွက်ပယ်ချမှုသည် နိုင်ငံတကာပြည်သူများ၏ အောင်ပွဲဖြစ်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူစွာထောက်ခံ

ရန်ကုန် ဇန်နဝါရီ ၁၆

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်းတင်သွင်းခြင်းအပေါ် ခေတ်သစ်သိပ္ပံ နိုင်ငံရေး ဘောဂဗေဒလေ့လာရေးကျောင်းတော်သားစုက ဇန်နဝါရီ ၁၅ ရက်တွင် သဘောထားကြေညာချက် တစ်ရပ်ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက်ရှုတ်ချလိုက်သည်။

အဆိုပါ သဘောထား ကြေညာချက်အပြည့်အစုံမှာ မြန်မာနိုင်ငံသည် ဗဟိုကချုပ်ကိုင်သော ဆိုရှယ်လစ် စနစ်ကို ဖျက်သိမ်း၍ ဈေးကွက်စီးပွားရေးနှင့် ဒီမိုကရေစီနိုင်ငံထူထောင်ကူးပြောင်းနေသည့် နိုင်ငံဖြစ်ကြောင်း။

ယခုကဲ့သို့ ဈေးကွက်စီးပွားရေးနှင့် ဒီမိုကရေစီနိုင်ငံထူထောင်နေသော တပ်မတော်အစိုးရလက်ထက် တွင် အစိုးရအဆက်ဆက်ကို နှစ်ရှည်ကြာစွာ ဆန့်ကျင်လာခဲ့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၁၇)ဖွဲ့နှင့် အဖွဲ့ငယ် အများအပြား ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လက်တွဲလာပြီး ဒေသဖွံ့ဖြိုးရေးများကို အားတက် သရော ဆောင်ရွက်လာမှု၊ အမျိုးသားညီလာခံကြီးတွင် ပါဝင်တက်ရောက်နေမှုတို့ကြောင့် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တည်ငြိမ်စွာ ဖွံ့ဖြိုးတိုးတက်လာခဲ့ပါကြောင်း၊ ယခင်အစိုးရအဆက်ဆက်တို့ ဆောင်ရွက် နိုင်စွမ်းမရှိခဲ့သော အမျိုးသားပြန်လည်သင့်မြတ်ရေးကို ရရှိလာသည့်အတွက် တည်ငြိမ်ဖွံ့ဖြိုးသော ခေတ်သစ်ကို ရောက်လာခဲ့ပါကြောင်း။

ယနေ့ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်ပြီး ဒီမိုကရေစီနိုင်ငံတော်သစ်ကို အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း၊ အခြေခံအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးက ယခင်ပေါ်ပေါက် ခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေများထက် ပိုမိုပြည့်စုံသော တိုင်းရင်းသားများ တန်းတူညီမျှမှုကို အခြေခံသည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ကို

စာမျက်နှာ ၃ ကော်လံ ၄ ●